ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (24-2-2004) (၄၁၅၆)

ဂါရဝါ စ
တော် မင်္ဂလ မုတ္တမံ။

ရှိသေထိုက်သူကို ရှိသေခြင်းသည် မြတ်သော မင်္ဂလာမည်၏။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့် အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၂-၂၀၀၄
(အင်္ဂါနေ့)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

အမျိုးသားစီးပွားရေး ရှင်သန်ဖွံ့ဖြိုးရေးတွင် စီးပွားရေးအခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရေးသည် ပင်မလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်တစ်ဝန်းလုံး၌ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းသည် တည်နေရာအနေအထားအရ ရေသယံဇာတ၊ မြေသယံဇာတများကို ဖော်ထုတ်အသုံးချနိုင်၍ အခြေအနေကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။ မြေလွတ်၊ မြေရိုင်းများစွာရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သည်။ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနိုင်သည့် သဘာဝအခြေခံကောင်းများရှိသည်။

နိုင်ငံတော်အစိုးရက ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများကို ချမှတ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသတွင်း လယ်ယာမြေသစ်များ ဖော်ထုတ်ရန် ရေငန်တားတမံများ တည်ဆောက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် မြေလွတ်၊ မြေရိုင်းများ ဖော်ထုတ်လုပ်ကိုင်နိုင်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၁၆ရက်နေ့က မြိတ်ခရိုင် ကျွန်းစုမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခရီးစဉ်အတွင်း တာလပိုင်းကျေးရွာသို့ရောက်ရှိစဉ် ကျေးရွာစုဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရွာသူ၊ ရွာသားများနှင့် တွေ့ဆုံရာတွင် ကျွန်းစုမြို့အနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိနေသည့် နည်းတူ ဒေသဆန်ဖူလုံရေး၊ စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရေးများ မှာကြားခဲ့သည်။

ယခင်က ဒေသဆန်ဖူလုံမှု မရှိခဲ့သည့် ပြည်နယ်အချို့သည် ယခုအခါ ဒေသဆန်ဖူလုံရုံသာမက ပိုလျှံသည်အထိ ထွက်ရှိလာသည်ကို တွေ့မြင်ကြားသိနေရသည်။ ရေ၊ မြေ သဘာဝအခြေအနေပေးမှု ကောင်းမွန်သော တနင်္သာရီဒေသအနေဖြင့် ဆန်စပါးသာမက အခြားသီးနှံများကိုပါ ပိုလျှံစွာထွက်ရှိလာရေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ ရာသီဥတုအခြေအနေသည် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းသော ရေ၊ မြေ ဖြစ်သည်။ အထူးသဖြင့် မြိတ်နှင့် ကော့သောင်းအကြား၌ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်သည်။ နိုင်ငံတော်က ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက လူအင်အား၊ စက်ယန္တရားများဖြင့် ဆီအုန်းများ စိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ဆီအုန်းစိုက်ဧကများ သတ်မှတ်ချက် ပြည့်မီစေရေး အရှိန်အဟုန်မြင့် ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က တနင်္သာရီတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။ ယခုအခါ လောင်းလုံမြို့နယ်ရှိ သာယာလှပသည့် မောင်းမကန်ကမ်းခြေတွင် အပန်းဖြေစခန်းများ အဆင့်မြှင့်တင်ရေး၊ ဟိုတယ်များဆောက်လုပ်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တနင်္သာရီဒေသ ဘက်စုံဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများနှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ဖေဖော်ဝါရီ ၁၅ရက်က အကျဉ်းဦးစီးဌာန အင်းစိန်နေ ဦးထွန်းဘဏ်-ဒေါ်စောရီ မိသားစုက ဗိုဝိတာဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံဌာနခွဲမှူး ဦးသိန်းမောင် လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အဆင့်မြင့်ညီလာခံတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် (၇)ကြိမ်မြောက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မလေးရှားနိုင်ငံ အခြေခံစက်ရုံများဝန်ကြီးဌာနသို့သွားရောက်၍ ဝန်ကြီး Dr. Lim Keng Yaik နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံသစ်တောကဏ္ဍ သစ်အခြေခံစက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊ နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၈ရက်တွင် ကွာလာလမ်ပူမြို့ရှိ ပင်ပစီဖိတ်ဟိုတယ်၌ ကျင်းပသော ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်သည်။ ယင်းအစည်းအဝေးတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dato Sri Mohd Najib Tun Adbul Razak က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက်တွင် ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲများကို သိပ္ပံနည်းကျ အကဲဖြတ်မှု၊ နည်းပညာပူးပေါင်းဖလှယ်လွှဲပြောင်းပေးမှု၊ ဇီဝအရင်းအမြစ်များ ထုတ်လုပ်သုံးစွဲရာမှ ပေါ်ပေါက်လာသည့် အကျိုးရလဒ်ကို ညီမျှစွာခွဲဝေခံစားရေး၊ ဇီဝမျိုးစုံမျိုးကွဲများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူမှုစီးပွားတိုးတက်မှုများတွင် အရေးပါပုံ၊ နိုင်ငံအတွင်း သဘာဝထိန်းသိမ်းရေး နယ်မြေများ တိုးချဲ့တည်ထောင်ထားရှိမှု၊ သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မလေးရှားနိုင်ငံတွင် ရှိနေစဉ်အတွင်း ပင်ပစီဖိတ်ဟိုတယ်၌ ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနဝန်ကြီး Mr. Prapat Panyachatraksa နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် သဘာဝနယ်မြေများ ထူထောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ရန် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဖေဖော်ဝါရီ ၂၁ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ပုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေလည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဒုတိယဝန်ကြီး သင်တန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ကြီးမှူးဖွင့်လှစ်သည့် အရာရှိအဆင့် သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များ အသင်းအတွင်းရေးမှူး၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာနှင့် ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖေဖော်ဝါရီ ၂၃ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲတွင် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (၁၉)

အောင်ဆန်းစစ်ကြောင်းမှ မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးအေးသန့်(Prime Boss Co., Ltd)က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် အလှူရှင် ၆၄ ဦးက အလှူငွေနှင့်ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၃၇သိန်း ငါးသောင်းကျော် လှူဒါန်းသည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂) အမှတ်(၂၂) ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရွှေနိုင်ငံဂျာနယ် အတွဲ(၂) အမှတ်(၂၂)ကို ထုတ်ဝေဖြန့်ချိလိုက်ရာ အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပသည့်သတင်း၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနား ကျင်းပသည့်သတင်း၊ ညီညွတ်မှုကို အရင်းတည်၊ စိန်မြင့်(ရွှေချည်ထိုး)၏ ပြည်ရွာအနှံ့ ပြည်ကျိုးဖြန့်၊ သန်းထွန်း(စကု)၏ စည်းလုံးညီညွတ်ရေးကို ရည်ညွှန်းသည့် တိုင်းရင်းသားစကားပုံများ၊ နိုင်ငံတကာဖြစ်ရပ်များ စုံလင်စွာ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

အီရတ်နိုင်ငံ ဖော်လူဂျာနှင့် မိုဆူးလ်တို့တွင် ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တောင်ဘက်ရှိ အဝေးပြေးလမ်းမပေါ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က အမေရိကန်စစ်ဘက်ဆိုင်ရာ မော်တော်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲခဲ့သည်။ အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့တွင်လည်း ဖေဖော်ဝါရီ ၂၁ ရက်က တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ထို့အတူ မိုဆူးလ်မြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်က အမေရိကန်စစ်ယာဉ်တန်းများ အမြဲအသုံးပြုသည့်လမ်းပေါ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့သည်။

မကြာသေးမီက အီရတ်နိုင်ငံမြောက်ပိုင်းရှိ အဝေးပြေးလမ်းမတစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန် အေဘရမ်အမျိုးအစား သံချပ်ကာကားတစ်စီးက လမ်းကို ပိတ်ဆို့ထားစဉ်။ (အပေါ်ပုံ)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဟီလာမြို့ရှိ ပိုလန်ဦးဆောင်သော တပ်ဖွဲ့ဌာနချုပ်ပြင်ပတွင် လုံခြုံရေးစောင့်ကြပ်နေသော လစ်သူယေးနီးယားတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဝဲပုံ)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဟီလာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသော ပိုလန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖေဖော်ဝါရီ ၂၁ ရက်က မြို့တော်ဘဂ္ဂဒက်မှ ၂၅ မိုင်ကွာဝေးသောနေရာတွင် ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ကို ချုံခိုတိုက်ခိုက်ပြီးနောက် ပျက်စီးသွားသော ကားကို ရှင်းလင်းဖယ်ရှားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၁ ရက်က အမေရိကန်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ခံရသည့်နေရာမှ သေနတ်တစ်လက်ကို အီရတ်တစ်ဦးက ပြသနေစဉ်။ (အပေါ်ပုံ)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မြင်ကွင်း

ဖေဖော်ဝါရီ ၂၂ ရက်က မြို့တော်ဘဂ္ဂဒက်ရှိ အယ်လ်ဒူရာဒေသတွင် လျှပ်စစ်ဓာတ်အားပေး စက်ရုံအနီးမှ အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ကင်းလှည့် ပျံသန်းနေစဉ်။ (ဝဲပုံ) *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး ကွင်းခ်မြို့မှ တပ်ဖွဲ့ဝင်တစ်ဦး ပါဝင်

နယူးယောက် ဖေဖော်ဝါရီ ၂၁

ဘဂ္ဂဒက်မြို့တော်အနောက်ဘက် မိုင်၅၀ခန့်အကွာ ခါလ်ဒီယာမြို့အနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကြာသပတေးနေ့က သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးတွင် ကွင်းခ်မှ အသက်၂၀အရွယ် တပ်ဖွဲ့ဝင် ရော်ဂျာဂျီလင်းလည်းပါဝင်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက စနေနေ့က ကြေညာသည်။

တပ်ဖွဲ့ဝင် ရော်ဂျာဂျီလင်းနှင့်အတူ ကင်တပ်ကီပြည်နယ် အလ်လီဇဘက်တောင်းမြို့မှ ဒုဗိုလ် ဂျက်ဖရီစီဂရေဟမ်(၂၄နှစ်)လည်း ထိမှန်သေဆုံးသွားသည်။ အခြားအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးဒဏ်ရာရရှိသွားပြီး အီရတ်တစ်ဦး သေဆုံးသွားသည်။

တပ်ဖွဲ့ဝင်ရော်ဂျာဂျီလင်းနှင့် ဒုဗိုလ်ဂျက်ဖရီစီဂရေဟမ်တို့နှစ်ဦးစလုံးသည်ကင်းဆပ်ပြည်နယ်ဖို့ဒ်ရီလေးရှိအမှတ်(၃၄)ယန္တရားတပ်၊ တပ်ရင်း(၁)တပ်ခွဲ(၈)မှ ရဲဘော်များဖြစ်သည်။

တပ်ဖွဲ့ဝင် ရော်ဂျာဂျီလင်းသည် ၂၀၀၁ခုနှစ်တွင် တပ်ထဲဝင်ပြီး အီရတ်စစ်မျက်နှာသို့ ၂၀၀၃ခုနှစ် စက်တင်ဘာက ရောက်သည်ဟုသိရသည်။

အင်တာနက်။

ဖေဖော်ဝါရီ ၂၁ ရက်က တပ်လဲလှယ်ပြီး အီရတ်မှ ကူဝိတ်သို့ထွက်ခွာလာသော အမေရိကန်စစ်ယာဉ်တန်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကင်းလှည့်

ဘဂ္ဂဒက် တောင်ပိုင်း ကာဘာလာမြို့တွင် ကင်းလှည့်နေသော အမေရိကန်တင့်ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်ရဟတ်ယာဉ် အာဖဂန်၌အပစ်ခံရ ဩစတြေးလျနိုင်ငံသား ရဟတ်ယာဉ်မှူးသေဆုံး

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၂၂

အမေရိကန်ဆောက်လုပ်ရေးကုမ္ပဏီ လူးဝစ္စဘာဂျာမှ အလုပ်သမားများ သယ်ဆောင်လာသည့် ရဟတ်ယာဉ်တစ်စင်းသည် လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် ပျက်ကျသွားရာ လူတစ်ဦးထက်မနည်း သေဆုံးပြီး အခြားလူတစ်ဦး ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

သေဆုံး

ယင်းရဟတ်ယာဉ်မှ ဩစတြေးလျနိုင်ငံသား ရဟတ်ယာဉ်မှူး သေဆုံးသွားပြီး ဖော်ပြပါဒေသ၌ ဆေးခန်းဆောက်လုပ်ရာတွင် ဝင်ရောက်လုပ်ကိုင်နေသူ အမေရိကန်နိုင်ငံသားခရီးသည်တစ်ဦးမှာ ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရဟတ်ယာဉ်အား မည်သူမည်ဝါ ပစ်ခတ်သည်ကို သဲသဲကွဲကွဲမသိရသေးကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မသိရှိရသေး

ယင်းရဟတ်ယာဉ်ပေါ်တွင် ခရီးသည် ဦးရေမည်မျှလိုက်ပါလာသည်ကို ယခုအချိန်အထိ မသိရှိရသေးကြောင်း ၎င်းက ပြောကြားသည်။

ရဟတ်ယာဉ်သည်သာလိုကန်ဒေသတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန် စစ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အင်တာနက်။

ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်နှင့်အပေါင်းပါတပ်များ၏ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်ဆန္ဒပြနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် ဂျပန်နိုင်ငံသို့ ငါးရက်ကြာ ခရီးစဉ်စတင်

တိုကျို ဖေဖော်ဝါရီ ၂၂

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် ကုလသမဂ္ဂ ပြုပြင်ဖွဲ့စည်းရေး ကိစ္စရပ်များ ဆွေးနွေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဂျပန်နိုင်ငံသို့ ငါးရက်ကြာခရီးစဉ်အဖြစ် စနေနေ့ မွန်းလွဲပိုင်းတွင် တိုကျိုသို့ရောက်ရှိသည်။

မစ္စတာအာနန်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရီကိုကာဝါဂူချီနှင့် တနင်္ဂနွေနေ့တွင်လည်းကောင်း၊ ဝန်ကြီးချုပ် ကိုအိဇုမိနှင့် တနင်္လာနေ့တွင်လည်းကောင်း တွေ့ဆုံရန်စီစဉ်ထားသည်။

လာမည့်အင်္ဂါနေ့တွင် ဂျပန်နိုင်ငံ ဥပဒေပြုအမတ်များနှင့် တွေ့ဆုံ၍ မိန့်ခွန်းပြောကြားရန်လည်း ၎င်းက စီစဉ်ထားသည်။

အဆိုပါအဖွဲ့ဝင်များနှင့် အာနန်တို့သည် ကုလသမဂ္ဂအဖွဲ့၏ ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေး ကိစ္စကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ရရှိရန် ကြိုးပမ်းလျက်ရှိနေသည်။ လောလောဆယ်တွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများမှာ ဗြိတိန်၊ တရုတ်၊ ပြင်သစ် ရုရှားနှင့် အမေရိကန်တို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့အနောက်ပိုင်း ပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့အနောက်ပိုင်းတွင် ပြင်းထန်သည့်ပေါက်ကွဲမှုကြီးများ ယနေ့ဖြစ်ပွားခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားလိုက်သည်။ ပေါက်ကွဲသံ နှစ်ခုမှ သုံးခုထိကြားခဲ့ကြောင်း ဘဂ္ဂဒက်မြို့ရှိ စီအင်န်အင်န် သတင်းထောက်တစ်ဦးကလည်း အတည်ပြု ပြောကြားသည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အမေရိကန်စစ်ဘက်အရာရှိများက ဖောက်ခွဲရေးပစ္စည်းများကို ထိန်းချုပ်ဖောက်ခွဲရန် ကြံစည်နေသည်ကို ၎င်းတို့ မသိရှိကြောင်း ပြောကြားခဲ့သည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်ပြန်လည်တည်ဆောက်ရေးတွင် အမြတ်အစွန်းရှိသည့် ကန်ထရိုက်လုပ်ငန်းများမှ ငွေကြေးများ ဘုရှ် ရယူနေသည်ဟုဆို

စိန့်ပေါ(မင်နီဆိုတာ) ဖေဖော်ဝါရီ ၂၂

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဘုရှ်သည် အီရတ်နိုင်ငံပြန်လည် တည်ဆောက်ရေးအတွက် အမြတ်အစွန်းရှိသည့် ကန်ထရိုက်လုပ်ငန်းများအား ကုမ္ပဏီအများအပြားသို့ ပေးအပ်ကာ ငွေကြေးယူနေကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းအဖြစ် မျှော်လင့်ချက်ရှိသူ ဂျွန်အက်ဒွပ်က စနေနေ့တွင် ဝေဖန်ပြောကြားလိုက်ပြီး အမေရိကန် ပြည်ထောင်စု ဝါရှင်တန်မှ မဲဆွယ်တရားဟောသူများ၏ လုပ်ပိုင်ခွင့်အာဏာကို ပိတ်ပင်ရန် ကတိကဝတ်ပြု ပြောကြားလိုက်သည်။ ဂျွန်အက်ဒွပ်သည် မြောက်ကာရိုလိုင်နားပြည်နယ်မှ အထက်လွှတ်တော်အမတ် တစ်ဦးဖြစ်ပြီး လူထုသဘောထား စစ်တမ်းကောက်ယူရာတွင် ဂျွန်ကယ်ရီပြီးလျှင် သမ္မတရာထူးအတွက် ဒုတိယလိုက်နေသူ တစ်ဦးဖြစ်သည်။

ဂျွန်အက်ဒွပ်သည် ကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ အဆိုးရွားဆုံး ထိခိုက်ခဲ့သည့် ပြည်နယ်များသို့ သွားရောက်ကာ အလုပ်အကိုင် လက်လွတ် ဆုံးရှုံးမှုတို့ကို အလေးထား၍ စည်းရုံးလှုံ့ဆော်ခဲ့သည်။ မိမိတို့အနေဖြင့် နိုင်ငံရေးသမားများက မဲဆွယ်တရားဟောသူများထံမှ ငွေကြေးယူမှုကို ရပ်ဆိုင်းရန်၊ အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံရေးမဲဆွယ်တရား ဟောသူများ မဖြစ်စေရန်နှင့် ယင်းမဲဆွယ်တရားဟောသူများ အစိုးရဌာနတွင် လုပ်ငန်းတာဝန်မယူကြရန် ဂျွန်အက်ဒွပ်က ကတိကဝတ်ပြုပြောကြားသည်။ ၎င်းက ကန်ထရိုက်လုပ်ငန်းရှင်များ၏ အလှူငွေကို ပိတ်ပင်တားဆီးမည်ဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီ ယခင်က ဦးဆောင်ခဲ့သည့် ဟာလီဘာတန်နှင့် ရေနံလုပ်ငန်း ကုမ္ပဏီများ၏ အီရတ်စစ်ပွဲမှ အမြတ်ထုတ်ယူနေမှုကို ဂျွန်အက်ဒွပ်က နယူးယောက် လောင်းအိုင်းလင်းဒေသတွင် ဝေဖန်တိုက်ခိုက်ခဲ့သည်။ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ မိတ်ဆွေသင်္ဂဟများ ဦးစားပေးဝါဒ ကျင့်သုံးနေသည်ဟု စွပ်စွဲမှုရှိနေသည့်ကြားမှ ယင်းကိစ္စများသည် ကန်ထရိုက်လုပ်ငန်း အများအပြားရှိ နေကြကြောင်းဖြင့် အက်ဒွပ်က ပြောကြားသည်။

အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ ကန်ထရိုက်လုပ်ငန်းများ ရရှိခဲ့သည့် ကုမ္ပဏီများစာရင်းနှင့် နိုင်ငံရေးအရ ငွေကြေးထောက်ပံ့သူ ကုမ္ပဏီများအား စာရင်းပြုစုကြည့်ပါက သမ္မတဘုရှ်မှာ ငွေကြေးအများဆုံး ရရှိသူဖြစ်ကြောင်း တွေ့ရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ သမ္မတဘုရှ်သည် ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲဆွယ်ပွဲကျင်းပစဉ်အတွင်း ကုမ္ပဏီ ခြောက်ခုထံမှ အမေရိကန်ဒေါ်လာ ၃၁,၀၀၀ ရရှိခဲ့သည်ဟု အက်ဒွပ်အတွက် မဲဆွယ်ရေးအဖွဲ့မှ ဝန်ထမ်းတစ်ဦးက ၂၀၀၃ အစီရင်ခံစာတစ်ခုကို ကိုးကား၍ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဒေါင့်သန်းရောဂါ ကာကွယ်ဆေး၏ ဆိုးကျိုးကို ဩစတြေးလျတပ်ဖွဲ့ဝင်များအား အသိပေးခဲ့ခြင်းမရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

ဩစတြေးလျအစိုးရက အီရတ်သို့ စေလွှတ်သည့် တပ်ဖွဲ့ဝင်များအား ဒေါင့်သန်းရောဂါ ကာကွယ်ဆေးများ ထိုးပေးရာတွင် အာဖဂန်နစ္စတန်သို့ စေလွှတ်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ထိုဆေး ထိုးပေးစဉ်က ဘေးထွက်ဆိုးကျိုးများ ခံစားရကြောင်းကို ထုတ်ဖော်အသိပေးခြင်းမရှိကြောင်း ဝန်ခံလိုက်သည်။

အတည်ပြု

၂၀၀၁ ခုနှစ်အတွင်းက အာဖဂန်နစ္စတန်တွင် ဖြန့်ကြက်သည့် တပ်ဖွဲ့ဝင်အင်အား ၁၅၀၀ တို့အနက် အများစုမှာ မကျန်းမမာဖြစ်ကြသည်ဟုလည်း ဩတြေးလျအစိုးရက အတည်ပြုသည်။

မလိုလား

သို့သော် ၂၀၀၃ ခုနှစ်တွင် အီရတ်သို့ စေလွှတ်သည့် တပ်ဖွဲ့ဝင်များအား ထိုကိစ္စကို ထုတ်ဖော်ပြောကြားလျှင် စိုးရိမ် ကြောင့်ကြဖြစ်သွားမည်ကို မလိုလားသည့်အတွက် ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ဖြစ်ကြောင်း အရာရှိများက ပြောဆိုသည်။

ပြောဆို

ထို့ပြင် ထိုကဲ့သို့သောပြဿနာများ ထပ်မံ ပေါ်ပေါက်မည့် လက္ခဏာမရှိ၍လည်း ထုတ်ဖော်ပြောကြားခြင်း မပြုခြင်းဖြစ်ကြောင်း အရာရှိများက ပြောဆိုသည်။

ခံစားရ

သတင်းလွတ်လပ်ခွင့် ဥပဒေအရ ဩစတြေးလျသတင်းစာကို ကာကွယ်ရေးဌာန၏ လျှို့ဝှက်စာရွက်စာတမ်းများ ထုတ်ပေး သောအခါ အာဖဂန်နစ္စတန်သို့ စေလွှတ်မည့် တပ်ဖွဲ့ဝင်များအနက် လေးယောက်လျှင် သုံးယောက်နှုန်း ဘေးထွက်ဆိုးကျိုးများ ခံစားရကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်ဆို၏။ ***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် မကြာမီက ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် ပျက်စီးခဲ့ရသည့် ယာဉ်တစ်စီးကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဖေဖော်ဝါရီ ၂၂ရက်က အီရတ်နိုင်ငံတောင်ပိုင်း ကယ်ကွတ်မြို့တွင် တိုက်ခိုက်ခံရသဖြင့် မီးလောင်ကျွမ်းနေသည့် ရေနံပိုက်လိုင်းကို မြင်တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကုန်ထုတ်လုပ်ငန်းများတွင် အန္တရာယ်ကင်းရှင်းရေး တရုတ်ပြည်၌ တင်းတင်းကျပ်ကျပ်ဆောင်ရွက်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံသည် ကုန်ထုတ်လုပ်ငန်းများတွင် ရှိနေသော အန္တရာယ်များ ကင်းရှင်းရေးအတွက် တစ်နိုင်ငံလုံးတွင် ရှာဖွေစိစစ်ဖော်ထုတ် အရေးယူသွားမည်ဖြစ်သည်။ ထိုသို့နိုင်ငံတစ်ဝန်းဆောင်ရွက်ရာ၌ အလုပ်လုပ်ကိုင်ရာလုပ်ငန်းခွင်နေရာများ၊ သယ်ယူပို့ဆောင်ရေးစခန်းများနှင့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများပါဝင်မည်ဖြစ်သည်။

ပြည်သူ့လုံခြုံရေးကွန်ဖရင့်တစ်ရပ်ကို တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေးတွင် အစိုးရ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စီမံမှုကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဝန်ဇန်ဖောင်က လုပ်ငန်းခွင်အန္တရာယ်ရှိနိုင်မည့် နေရာအားလုံးကို စစ်ဆေးသွားမည်ဖြစ်ပြီး မတော်တဆမှုဖြစ်ပွားလာနိုင်သည့် နေရာများတွင် အရေးပါသော ပြုပြင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့လုံခြုံမှုအတွက် အန္တရာယ်ကင်းရှင်းရေး စိစစ်သွားမည့်နေရာများတွင် စီးပွားရေးလုပ်ငန်းဌာနများ၊ ကျောင်းများ၊ ဘူတာရုံများ၊ ဈေးများ၊ ကပွဲရုံများ၊ အားကစားကွင်းများ၊ ဘုရားကျောင်းများနှင့် ပြည်သူအများသုံးစွဲရာနေရာများ ပါဝင်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အနှစ် ၂၀၀၀ခန့်က ပစ္စည်းများ တရုတ်ပြည်၌ တူးဖော်တွေ့ရှိ

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်ပြည်၏ အကျော်ကြားဆုံးနှင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှု အရှိဆုံး နေရာတစ်ခုဖြစ်သည့် ရှီအန်းပြတိုက်မှ ရွှံ့ရုပ်စစ်သည်တော်များနှင့် မြင်းရုပ်များကို နည်းသစ်ဖြင့် မွမ်းမံထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

နစ်မြုပ်နေခဲ့

တရုတ်ပြည်အနောက်ပိုင်း ရှန်ဇီပြည်နယ်ရှိ အဆိုပါ ရုပ်တုများကို ချင်မင်းဆက် လက်ထက်၌ ထုလုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၀၀၀ ခန့် မြေအောက်တွင် နစ်မြုပ်နေခဲ့မှုကြောင့် အရောင်အသွေးများ ပြယ်နေပြီဖြစ်သည်။

ကာကွယ်နိုင်

အဆိုပါ သက်ရှိအရွယ်အစားရှိ သမိုင်းဝင် ရုပ်တုများအနက် ၁၀ ခုကို သုတေသီများက နည်းသစ်စမ်းသပ်အသုံးပြုခဲ့ရာ အရောင်လွင့်ပြယ်မှုကို ဟန့်တားနိုင်ပြီး အစိုဓာတ်နှင့် အခြားအကြောင်းများကြောင့် ပျက်စီးမှုများကိုလည်း ကာကွယ်နိုင်ခဲ့ကြောင်း စီစီတီဗွီ သတင်းဌာနက ဖော်ပြသည်။

စီစီတီဗွီ။

အီရတ်နိုင်ငံတွင် ချုံခိုတိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အမေရိကန် စစ်ယာဉ်တန်းတစ်ခုကို ဘဂ္ဂဒက်မြို့ တောင်ဘက်တွင် ချုံခိုတိုက်ခိုက်ခံရရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားပြီး ယာဉ်တန်းနှင့် အတူပါလာသည့် အီရတ်စကားပြန်တစ်ဦး သေဆုံးသွားကြောင်း စစ်ဘက်သတင်းများအရ သိရသည်။

ကားနှစ်စီးပျက်စီး

ဘဂ္ဂဒက်မြို့အနီး အစ်ကန်ဒရီးယား၏ တောင်ဘက် ၁၄ မိုင်အကွာတွင် လက်နက်ငယ်များဖြင့် ချုံခိုတိုက်ခိုက်ခံခဲ့ရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားပြီး အီရတ်စကားပြန်တစ်ဦး သေဆုံးသွားသည်။ ထိုတိုက်ခိုက်မှုကြောင့် အရပ်ဘက်သုံး ကားနှစ်စီးလည်း ပျက်စီးသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အသက်ဆုံးရှုံး

အီရတ်စစ်ပွဲဖြစ်ပွားခဲ့သည့် မတ်လမှစ၍ ရေတွက်လျှင် ပြောက်ကျားများ၏ ဗုံးဖောက်ခွဲမှုနှင့် ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၇၈ ဦးတို့ အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ *အမ်အင်အေ၊ရိုက်တာ။*

စောင့်ကြပ်

အီရတ်နိုင်ငံတွင် သင်္ကာမကင်းသူ အီရတ်နိုင်ငံသားတစ်ဦးအား စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဂျိုတ်တောလေးကျောင်းတွင် တတိယအကြိမ် မိုးကုတ်ဝိပဿနာခုနစ်ရက်တရားစခန်းပွဲကို တပေါင်းလဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော်များဖြစ်ကြသော ဂျိုတ်တောလေးကျောင်းဆရာတော်ဦးဝိသုဒ္ဓစာရ(နတ်မောက်) နှင့် ဦးဩဘာသတက္ကသီလ ဓမ္မာစရိယ (B.A)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြုံးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

အောင်မြင်သည့် ဆလုံရိုးရာပွဲတော်

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

နီ၊ပြာ၊ဝါ၊စိမ်း၊အရောင်သန်းနေတဲ့ မီးပန်းများ ကောင်းကင်သို့ ပျံတက်သွားပြီး ပင်လယ်ပြာနဲ့ ကျွန်တော်တို့တစ်တွေ ထိုင်နေကြတဲ့ သဲသောင်ပြင်ပေါ်ကို ဖြာကျလာပါတယ်။ မီးပုံးပျံများကိုလည်း တစ်လုံးပြီးတစ်လုံး ကောင်းကင်ယံထက်သို့ လွှတ်တင်ကြတယ်။ ပင်လယ်ကမ်းစပ်မှာကျင်းပတဲ့ မီးပုံပွဲမှာ လူတိုင်း ပါဝင်ပျော်ရွှင်ကြတယ်။ သောင်ပြင်မှာ စောင့်မျှော်နေကြတဲ့ ကမ္ဘာလှည့်ခရီးသည်များအပါအဝင် လူထုကြီးက တစ်ခဲနက်လက်ခုပ်တီး ဩဘာပေးပြီး ကြိုဆိုကြပါတယ်။ ၁၅-၂-၂၀၀၄ရက်နေ့ညမှာ ကျွန်တော်တို့တစ်တွေ ဆလုံရိုးရာပွဲတော်မှာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ မြိတ်ကျွန်းစု ဗိုလ်ချိုကျွန်းပေါ်ရှိ မကြိုဂလက်ရွာ ပင်လယ်ကမ်းစပ်မှာကျင်းပတဲ့ ဆလုံရိုးရာပွဲတော်ရဲ့ ညချမ်းအလှနဲ့ အတွေ့အကြုံဟာ လာရောက်သူတိုင်းရဲ့ရင်မှာ စွဲမြဲကျန်ရစ်စေခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့ဒီညမှာ ဆလုံအိမ်အတိုင်း တည်ဆောက်ထားတဲ့ တည်းခိုဆောင်များမှာ တည်းကြပါတယ်။ တဲအောက်က လှိုင်းရိုက်ခတ်သံနဲ့ ပင်လယ်ပြင်ကိုဖြတ်တိုက်လာတဲ့ လေအေးရဲ့ အရသာခံပြီး အိပ်စက်ကြပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ကျယ်ပြန့်လှတဲ့ ကောင်းကင်ကြီး၊ပင်လယ်ပြင်ကြီးနဲ့အတူ တစ်စပ်တည်း ဖြစ်သွားပါတယ်။ သဘာဝကြီးနဲ့အတူ လွတ်လပ်မှုကို ခံစားလိုက်ရပါတယ်။ လောဘ၊ ဒေါသ၊ မောဟတို့မှ လွတ်မြောက်သွားသလိုပါပဲ။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားဆွေမျိုး ဆလုံတို့ရဲ့ ဘဝနှင့် စိတ်ထားကို နားလည်သွားပါတယ်။

သူတို့ရဲ့ဘဝဟာ ပင်လယ်အဏ္ဏဝါကြီးပါပဲ။ ပင်လယ်မှာ မွေးဖွားရှင်သန်ကျက်စားနေထိုင်ပြီး ဒီပင်လယ်ပြင်မှာပဲ သေဆုံးကြတယ်။ ပင်လယ်ကြီးက သူတို့ဘဝ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးတယ်။ ဒါကြောင့် သူတို့မှာ လိုအင်ဆန္ဒ လောဘနည်းကြပါတယ်။ ကဗန်းလှေပေါ်မှာ မိသားစုလိုက်နေထိုင်ကြပြီး ပင်လယ်ပြင်ကြီးအတွင်း အနှောင်အဖွဲ့ကင်းစွာနဲ့လွတ်လပ်စွာ သွားလာလှုပ်ရှားကြပါတယ်။ သူတို့အဖို့ နေအိမ်တိုက်တာများ၊ ယာဉ်များ၊ ရုပ်ဝတ္ထုစည်းစိမ်ချမ်းသာများ မလိုအပ်ပါ။ ပင်လယ်အဏ္ဏဝါကြီးက အားလုံးပေးထားပါတယ်။ သူတို့တန်ဖိုးထားတဲ့ Values များကို ကျွန်တော်သဘောပေါက် လေးစားပါတယ်။

ပင်လယ်နဲ့ရေသတ္တဝါများအကြောင်းကို ခေတ်မီစက်ကိရိယာမပါဘဲ နားလည်တတ်ကျွမ်းတဲ့သူတို့ရဲ့ ပညာကိုလည်း လေးစားပါတယ်။ နိုင်ငံအတွက်များစွာအသုံးဝင်နိုင်ပါတယ်။ ဒီအတတ်ပညာကို သူတို့ရဲ့ ဘဝမြှင့်တင်ရေးနဲ့ နိုင်ငံရဲ့စီးပွားတိုးတက်ရေးအတွက် အသုံးပြုနိုင်ဖို့ လေ့ကျင့်ပျိုးထောင်ပေးရပါလိမ့်မယ်။

ကျွန်တော်တို့ငယ်စဉ်က ဆလုံတိုင်းရင်းသားများအကြောင်းကို ပုံပြင်ပမာနားထောင်ခဲ့ရ၊ ဖတ်ခဲ့ရပါတယ်။ ခုလိုမျက်ဝါးထင်ထင် ကိုယ်တိုင်မြင်တွေ့ရတာကြောင့် အထူးပင်ဝမ်းသာကြည်နူးမိပါတယ်။ တိုင်းရင်းသားမိတ်ဆွေအပေါင်းကိုလည်း ကျွန်တော်တို့လိုသွားရောက်တွေ့မြင် ဝမ်းသာကြည်နူး ကြစေလိုပါတယ်။ ဒီလိုဆွေမျိုးသားချင်း ဆလုံတိုင်းရင်းသားတွေဘဝနဲ့ နောင်ရေးကို တွေးတောစဉ်းစားရင်း ပင်လယ်လှိုင်းခတ်သံနဲ့အတူ အိပ်ပျော်သွားပါတယ်။

နောက်တစ်နေ့ ၁၆-၂-၂၀၀၄ ရက်နေ့ နံနက် ၈ နာရီမှာ ဆလုံရိုးရာပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျွန်တော်တို့ တပျော်တပါးတက်ရောက်ကြပါတယ်။ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့ရဲ့ အဖွင့်အမှာစကားတွေကို နားထောင်ရင်း ကျွန်တော်ဝမ်းသာအားရဖြစ်ပြီး စိတ်အားတက်ကြွနေပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ဆန္ဒနဲ့ စိတ်ကူးတွေကို ထင်ဟပ် ပြောကြားသွားကြပါတယ်။ ဆလုံတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ ယဉ်ကျေးမှုကို ဖော်ထုတ်မြှင့်တင်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးချဲ့ရေး၊ ဒေသ၏မြေပြင်၊ ရေပြင်ထက်-အောက်ရှိ သယံဇာတအရင်းအမြစ်များ ကြွယ်ဝချမ်းသာပုံနဲ့ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာများကို ပြောကြားသွားကြပါတယ်။ တက်ရောက်သူအားလုံး ပျော်ရွှင်ဝမ်းသာနေကြပါတယ်။ အခမ်းအနားအပြီးမှာ ဧည့်သည်တော်များ၊ ကမ္ဘာလှည့်ခရီးသည်များဟာ ဆလုံတိုင်းရင်းသားတွေနဲ့ တပျော်တပါး ခင်မင်ရင်းနှီးစွာ ကကြပါတယ်။ ပျော်ရွှင်ဝမ်းသာမှုဟာ အားလုံးဆီကို ပျံ့နှံ့သွားပါတယ်။ Thai-Myanmar, Cultural and Economic Cooperation Association (TMCECA) မှ အတွင်းရေးမှူးချုပ်လည်း ပါဝင်ကပြပါတယ်။ ဆလုံရိုးရာပွဲတော်ဟာ မျှော်မှန်းတာထက် ပိုပြီးအထူးပင် အောင်မြင်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရှေ့နှစ်မှာ ဆလုံပွဲတော်ကို ဒီထက်ခမ်းနားစည်ကားအောင်လုပ်မယ်လို့ ပြောပါတယ်။ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်လည်း အားရပြုံးရွှင်နေပါတယ်။ ကျွန်တော်က ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ကို လက်ဆွဲနှုတ်ဆက်ပြီး "ဗိုလ်ချုပ်၊ ဒီဆလုံပွဲတော်ကို စိတ်ကူးရပြီးအောင်မြင်စွာ ကျင်းပပေးနိုင်တာကို ဂုဏ်ပြုချီးကျူးပါတယ်" လို့ ဝမ်းသာအားရ ပြောမိပါတယ်။ ဒီလို နိုင်ငံတော်ကကြီးမှူးပြီး ပထမဦးဆုံးသော ဆလုံရိုးရာပွဲတော်ကို မထင်မှတ်ဘဲ မကြိုဂလက်ရွာမှာဖြစ်မြောက်အောင်မြင်အောင် တာဝန်ရှိသူများက ဦးဆောင်စီစဉ် ကျင်းပပေးတာကို အများကိုယ်စား ဝမ်းသာဂုဏ်ပြု ကျေးဇူးတင်ရပါတယ်။ ပွဲတော်စ-လယ်-ဆုံး အနီးကပ်ကြီးကြပ်ပေးတဲ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနဲ့ဒေသဆိုင်ရာ အာဏာပိုင်များ၊ အရာထမ်းဝန်ထမ်းများ၊ မိတ်ဆွေများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ရှေ့နှစ်မှာလည်း ခုလိုပဲပြန်လည်ဆုံတွေ့လိုပါတယ်။

ကျွန်တော်တို့ ကော့သောင်းကနေ ဗိုလ်ချိုကျွန်း မကြိုဂလက်ရွာဆီကို မော်တော်ဘုတ်နဲ့ အသွားမှာ ကျွန်းပေါင်းမြောက်မြားစွာကို တွေ့မြင်ခဲ့ရပါတယ်။ မြိတ်ကျွန်းစုမှာ ကျွန်းပေါင်း ၈၀၀ ကျော်ပါဝင်ပါတယ်။ ကျွန်းကြီးတစ်ကျွန်းဆိုရင် စင်ကာပူနိုင်ငံထက်ပင်ပို၍ကြီးမားကြောင်း သိရပါတယ်။ တချို့ ကျွန်းတွေက နယူးဇီလန်နိုင်ငံလိုပါပဲ။ သဲသောင်ပြင်လည်းရှိတယ်၊ မြေပြန့်နေရာလည်းရှိတယ်၊ တောင်တန်းလည်းရှိတယ်၊ တချို့က ဘာလီကျွန်း၊ တဟီတီကျွန်းတို့နဲ့ ဆင်ပါတယ်။ ဒီလိုသဘာဝအရင်းအမြစ်မျိုး နိုင်ငံအများစုမှာ မရှိပါဘူး။ ကျွန်တော်တို့မှာ လူအင်အားအရင်းအမြစ်လည်း အဆင်သင့်ရှိပါတယ်။ မဖြစ်မနေ ခွဲလုံ့လကျွမ်းကျင်မှု၊ အရင်းအနှီးတို့နဲ့ ပေါင်းစပ်လိုက်ရင် စင်ကာပူနဲ့ နယူးဇီလန်နိုင်ငံ မြို့ပြတွေလို ဖြစ်နိုင်ပါတယ်။ ဘာလီနှင့် တဟီတီကျွန်း တွေလိုလည်း ဖြစ်လာနိုင်ပါတယ်။ နည်းလမ်းနှင့်နမူနာတွေက ရှိပြီးသားပါ။ ကောင်းတာသုံးပြီး မသင့်တာပယ်ရုံပါပဲ။

မြန်မာ့ပင်လယ်ပြင်ကြီးက ကျွန်တော်တို့ကို လာလှည့်၊ ရှုလှည့်၊ အသုံးပြုလှည့်လို့ ဖိတ်ခေါ်၊ စိန်ခေါ်နေပါတယ်။ ကျွန်တော်တို့ဟာ ဆလုံတိုင်းရင်းသားတွေရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျင်မှုကိုလည်း အားပြုနိုင်ပါတယ်။ သူတို့ဟာ မြန်မာ့ပင်လယ်ပြင်ကြီးကို ခေတ်အဆက်ဆက် ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ထားကြပါတယ်။

ပထမဦးဆုံးသော ဆလုံရိုးရာပွဲတော်က ရရှိတဲ့စိတ်ဓာတ်နဲ့ နိုင်ငံတော်ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ သမိုင်းကို လေ့လာကြည့်ရင် ပင်လယ်ပြင်ကို စွန့်စားသွားလာပြီး ကုန်ကူးသန်းရောင်းဝယ်တဲ့နိုင်ငံတွေ၊ ပင်လယ်ပြင်ကို ကြီးစိုးနိုင်တဲ့နိုင်ငံတွေဟာ တိုးတက်ချမ်းသာပြီး ရှေ့တန်းရောက်နေတာကို တွေ့ရပါမယ်။ ကျွန်တော်တို့လည်း ပင်လယ်ဘက်သို့ စိတ်ပါဝင်စားမှုနဲ့ လုပ်ငန်းများတိုးချဲ့ကာ ဒေသများတည်ထောင်ရန် စဉ်းစားလုပ်ဆောင်ဖို့ အချိန်တန်ပြီ ဖြစ်ပါတယ်။

ခံစစ်ရေးကတ် ပေးအပ်

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ဒလမြို့နယ် မော်စက်ရပ်ကွက်ရုံး၌ ပြုလုပ်ရာ ဒလမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်ဆွေက တစ်ဦးချင်း ပေးအပ်စဉ်။
(၅၇)

အခြေခံဝိပဿနာ တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ မြို့သစ် အမှတ် (၃) ရပ်ကွက်လုံးဆိုင်ရာ ဓမ္မရက္ခိတဓမ္မာရုံကြီးတွင် ဖေဖော်ဝါရီ ၂၂ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ မဟာစည်နယ်လှည့် ဓမ္မကထိက သာယာအေးဆရာတော် အရှင်နရသေဋ္ဌ အရှင်သူမြတ်သည် အခြေခံဝိပဿနာ တရားတော်များ ဟောကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။
(က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(၁)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ဘက်စုံထူးချွန်သူဆရာ၊ဆရာမ၊ကျောင်းသူ၊ ကျောင်းသားများအား ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က သပြေခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်မူက ဘာသာစုံ ဒုတိယ၊ သိပ္ပံဘာသာ ပထမဆုရ အမက(၁၇) ကျောင်းမှ တတိယတန်း ကျောင်းသား မောင်ရဲဝင့်ဇော်အား ဆုချီးမြှင့်စဉ်။ (၅၀၆)

ခရစ်ကက်ပြိုင်ပွဲအတွက် ရုပ်ရှင်အနုပညာရှင်များလေ့ကျင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ မတ် ၂၁ ရက်တွင် ကျင်းပမည့် ရုပ်ရှင်အနုပညာရှင်များ၏ ခရစ်ကက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ရုပ်ရှင်အနုပညာရှင်များက လေ့ကျင့်မှုများ ဆက်လက်ပြုလုပ်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဦးကြည်သာ (ပွဲကြိုက်ခင်) ခေါင်းဆောင်သော အမျိုးသားရုပ်ရှင်အနုပညာရှင်များနှင့် အကယ်ဒမီဒေါ်ဆွေဇင်ထိုက် ခေါင်းဆောင်သော အမျိုးသမီး ရုပ်ရှင်အနုပညာများ လေ့ကျင့်လျက်ရှိရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ထပ်ဆင့် အကယ်ဒမီ ဦးညွန့်ဝင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အထွေထွေအတွင်းရေးမှူး ဦးကြီးမြင့်နှင့် ကော်မတီဝင်များ၊ ဝါသနာရှင် ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကစား

ရုပ်ရှင်အနုပညာရှင်များ၏ လေ့ကျင့်မှုများ အပြီးတွင် M.V.S.C.C ခရစ်ကက်အသင်းနှင့် မြန်မာလူငယ်ခရစ်ကက်အသင်းတို့ လက်ရည်စမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။
(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Memorey (2) (ပထမနှစ် စိတ်ပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်"(အပိုင်း-၁၉)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၁၄)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင်နှင့်အဖွဲ့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

စက်မှုဇုန် စွမ်းအား ခေတ်ကျော်လွှား

❀ ရှေ့ဖုံးမှ

ဩွန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် နိုင်ငံရေးရာကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီဘေဟိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ စက်သုံးဆီအရောင်းဆိုင်များ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၆၃၁)၊ (၀၆၁၂)၊ (၀၆၀၂)နှင့် ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲတို့သို့ သွားရောက်ပြီး စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှု၊ ရောင်းချနေမှုအခြေအနေများကို စစ်ဆေးသည်။

ဝန်ကြီးအား တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစနစ်၊ မီးဘေးစီမံချက်၊ လုံခြုံရေး စီမံချက်တို့ကိုတင်ပြပြီး မီးငြိမ်းသတ်ရေးလေ့ကျင့်မှုကို လက်တွေ့ရှင်းလင်းသရုပ်ပြရာ ဝန်ကြီးက မီးသတ်ဆေးဘူး အသုံးပြုမှုကို ဝန်ထမ်းအားလုံး လေ့ကျင့်ထားရန်၊ မီးသတ်ဆေးဘူးများကို အမြဲစစ်ဆေးပြီး ဖြည့်တင်းထားရန်၊ မီးဘေးနှင့် လုံခြုံရေးအတွက် အလှည့်ကျစနစ်ဖြင့် တာဝန်ချထားရန်၊ ဆိုင်ဝန်းကျင်နှင့် ဆီအတင်အချ ဆိပ်ကမ်းဝန်းကျင်တို့တွင် အမှိုက်သရိုက်လောင်စာများ မရှိအောင် အမြဲရှင်းလင်းထားရှိရန်၊ လုံခြုံရေးသတိအမြဲရှိကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မန္တလေးမြို့ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၆၃၁)တွင် မီးသတ်ဆေးဘူး အသုံးပြုပုံကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ကောင်စီဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံအခြေအနေများနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ - အဖွဲ့ဝင်၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် အမျိုးသမီးရေးရာအဖွဲ့များ တိုးချဲ့ဖွဲ့စည်းမှု လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာရှင်းလင်းပွဲကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်ခင်အေးဝင်းနှင့် တာဝန်ရှိသူများက အသင်းဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာများကို အသီးသီး ရှင်းလင်းပြောကြားကြသည်။

လက်ခံရယူ

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဗိုလ်မှူးကြီး ခင်လတ်(ငြိမ်း)နှင့် ဒေါ်ခင်ခင်ဝင်း မိသားစု (နီလာဝင်းအထည်ချုပ်စက်ရုံ) ရန်ကုန်က ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် ၁၆ သိန်းတန်ဖိုးရှိ အဝတ်အထည်များကို အလှူရှင်များကိုယ်စား ပြည်နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးသာဒိုးက ပေးအပ်လှူဒါန်းရာ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့က လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

၎င်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀ သိန်းနှင့် နော့သင်းစတား သယံဇာတထုတ်လုပ်ရောင်းဝယ်ရေးကုမ္ပဏီက လှူဒါန်းငွေကျပ် ၁၄ သိန်း အပါအဝင် အလှူရှင်အသီးသီးမှ စုစုပေါင်းငွေကျပ် ၁၃၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သင်္ဘောသားအသက်အာမခံ လျော်ကြေးငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း သင်္ဘောသားအသက်အာမခံ လျော်ကြေးငွေ ကျပ်သိန်း ၅၀ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက သင်္ဘောသားအသက်အာမခံလျော်ကြေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ကွယ်လွန်သူ သင်္ဘောသား ဦးသော်တာမင်း (စီဒီစီ-အမှတ် ၄၀၅၅၇)၏ အကျိုးခံစားခွင့်ရှိသူ မိခင် ဒေါ်မြင့်မြင့်အား လျော်ကြေး ငွေကျပ်သိန်း ၅၀ ကို ပေးအပ်သည်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

✡ **ကျောဖုံးမှ**

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်ရာ၌ အထက်မြန်မာပြည်တွင် ဖြစ်ပွားသော ရောဂါများနှင့် ကျန်းမာရေးပြဿနာများကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်ရန် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ကို ထူထောင်ခြင်းဖြစ်ကြောင်း ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၏ တည်နေရာ၊ ဖွဲ့စည်းတည်ထောင်ရသည့် ရည်ရွယ်ချက်များ၊ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံနှင့် ခန့်ထားပြီးစီးမှု၊ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ သုတေသနဌာနခွဲ ၁၀ ခု ဖွဲ့စည်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပရဆေးပင် အမျိုးပေါင်း ၄၄၉ မျိုးစနစ်တကျ စိုက်ပျိုးထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် တာဝန်ရှိသူများက ကြိုဆိုစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အထက်မြန်မာပြည်တွင် အဖြစ်များသော ရောဂါများကို သုတေသနပြုလုပ်ရာ၌ အလေးထားသင့်သည့် အချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ပုံစံငယ်ကို ကြည့်ရှုပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စာအုပ်ခန်း၊ ဇီဝဆေးပညာ စာကြည့်တိုက်၊ စာဖတ်ခန်းနှင့် အီလက်ထရောနစ် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)တွင် ပရဆေးပင်များကို စုဆောင်းထိန်းသိမ်းခြင်း သုတေသနလုပ်ငန်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ သုတေသနလုပ်ငန်းများနှင့် မျိုးဆက်ပွား ကျန်းမာရေးသုတေသနလုပ်ငန်း၊ လူမှုရေး ဆေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးစက်ရုံစီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံ စီမံကိန်း (ပြင်ဦးလွင်)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံ စီမံကိန်း(ပြင်ဦးလွင်) တည်နေရာနှင့် အကျယ်အဝန်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စက်ရုံအတွက် စက်ပစ္စည်းများ ဝယ်ယူရေး စီစဉ်ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက စက်ရုံအတွက် ရေ၊ လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက်များ၊ စက်ရုံတည်ဆောက်ပြီးစီးပါက ဆေးပြား၊ ဆေးတောင့်၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်များ ထုတ်လုပ်သွားနိုင်မည့် အခြေအနေများ၊ စွန့်ပစ် ရေဆိုးများကို အန္တရာယ်ကင်းစေရန် သန့်စင်ပြီးမှ စွန့်ပစ်ရန် စီစဉ်ထားမှုများ၊ အဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဆေးဝါးစက်ရုံ (ပြင်ဦးလွင်)ကို ပြည်သူလူထု အားကိုးယုံကြည်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်သော အဆင့်မီ စက်ရုံဖြစ်အောင် တည်ဆောက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)၏ တည်ဆောက်ပြီး အဆောက်အအုံများနှင့် စက်ပစ္စည်းများ တပ်ဆင်ရန် လျာထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးဆေးဝါးစက်ရုံစီမံကိန်း (ပြင်ဦးလွင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သီတဂူဆရာတော် ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာမေ့ကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဒေါက်တာဉာဏိဿရ (D.Litt)သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ဗုဒ္ဓဂါယာ၌ ဖေဖော်ဝါရီ ၁၇ရက်မှ ၁၉ရက်အထိကျင်းပသည့် သံဝေဇနီယလေးဌာနဆိုင်ရာ ဗုဒ္ဓဘာသာထိပ်တန်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲ ၁နာရီတွင် အိန္ဒိယလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည် ကြွရောက်တော်မူသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနအတွက် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးက ပေးအပ်လှူဒါန်းသော သာသနိကလက်ဆောင် ဗောဓိပင်ပျိုးကိုလည်း သီတဂူဆရာတော်ကြီးက ပင့်ဆောင်လာကြောင်း သိရသည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအားဆေးဝါးစက်ရုံ စီမံကိန်း(ပြင်ဦးလွင်)တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အနီးစခန်း လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းကို ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သော ကွန်ကရစ်ခင်းပြေးလမ်းအဖြစ် တိုးချဲ့မည်

ထို့နောက်ဆက်တိုက်ဖြင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အနီးစခန်း လေယာဉ်ကွင်းသို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အနီးစခန်း လေယာဉ်ကွင်း၏ သမိုင်းအကျဉ်း၊ မူလလေယာဉ်ပြေးလမ်းနှင့် တိုးချဲ့ရန် စီစဉ်ထားမှုနှင့် လေယာဉ်ကွင်း ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) ဦးထွန်းပေါ်က အနီးစခန်း လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့နိုင်ရေးအတွက် လေ့လာတိုင်းတာမှုများကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးအား အနီးစခန်း လေယာဉ်ကွင်း ယာယီရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးအေးသိန်းက အနီးစခန်း လေယာဉ်ကွင်းအနီး စီးဆင်းလျက်ရှိသည့် ချောင်းများနှင့် ရေကြောင်းလွှဲပြောင်းနိုင်ရန် စီစဉ်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည် ။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး အနီးစခန်းလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးသည်။

အနီးစခန်း လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းမှာ အလျားပေ ၄၄၅၀နှင့် အကျယ်ပေ ၂၀၀ ဖြစ်ပြီး ကျောက်ရောမြေကြီးကွင်း အမျိုးအစားဖြစ်သည်။

အဆိုပါ လေယာဉ် ပြေးလမ်းကို ၇၃၇-၄၀၀ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သော ဘိလပ်မြေ ကွန်ကရစ်ခင်း ပြေးလမ်းအဖြစ် တိုးချဲ့သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၆၃၃၇

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ

၈:၁၀ ၇။ အရေးပြိုင်ပွဲ

၈:၂၀ ၈။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Grammar Made Easy.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၄:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)

၅:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၅:၂၀ ၇။ တူးချောင်းတံတား

၅:၃၀ ၈။ ခံစားနားဆင်တေးဇာတ်ဝင်

၅:၄၅ ၉။ တေးဂီတအစီအစဉ်

၅:၅၅ ၁၀။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ Milo Success In Soccer.

၇:၁၀ ၁၄။ သားငါးဖွံ့ဖြိုးပြည့်အကျိုး

၇:၂၅ ၁၅။ ကြေးမုံရိပ်သွင်တေးနှယဉ်

၇:၃၅ ၁၆။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် (စစ်ချီစစ်ရေးစစ်တေးကဗျာ) (အပိုင်း-၁) (ဂီတလုလင် အကယ်ဒမီဦးကိုကိုနှင့်ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ)

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၂)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး **H.E. Dr. Klaus Peter Wild** အမှူးပြုသော **European Union (EU)** နိုင်ငံများမှ သံအမတ်ကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီးယူနိုင်ငံများမှ သံအမတ်ကြီးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Dr. Klaus Peter Wild အမှူးပြုသော European Union (EU) နိုင်ငံများမှ သံအမတ်ကြီးများအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Dr. Klaus Peter Wild အမှူးပြုသော European Union (EU) နိုင်ငံများမှ သံအမတ်ကြီးများအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲကျင်းပရေး ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော် ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် လှအောင်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ် ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကား ပြောပြိုင်ပွဲကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေက အမှာစကားပြောကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟို အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက် ကျင်းပရာ စစ်သည်တော် ကျင့်ဝတ် ပြိုင်ပွဲ အကြပ်အဆင့်ပြိုင်ပွဲကို ရန်ကုန် တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ လည်းကောင်း၊ ကျပန်းစကားပြော ပြိုင်ပွဲများကို ကာကွယ်ရေးဝန်ကြီးဌာန ချော်တွင်းကုန်းရှိ ခန်းမဆောင်များ၌ လည်းကောင်း ကျင်းပသည်။

အဆင့်လေးဆင့်ခွဲ

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားဟူ၍ အဆင့်လေးဆင့်ခွဲကာ စုစုပေါင်း အင်အား ၄၀၇ဦးဖြင့် လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲကို အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား ဟူ၍ အဆင့်လေးဆင့်ခွဲကာ စုစုပေါင်း အင်အား ၂၀၄ဦးဖြင့် လည်းကောင်း သတ်မှတ်နေရာ အသီးသီးတွင် ယနေ့မှစ၍ ဖေဖော်ဝါရီ ၂၇ရက်အထိ ကျင်းပ သွားမည်ဖြစ်သည်။

(သတင်းစဉ်)

အဖွင့် အမှာစကား

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြော ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန် တိုင်း စစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အဖွင့် အမှာစကား ပြောကြားစဉ်။

(ထပဆ)



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်သစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ထောမွန်၊ ဒုတိယဥက္ကဋ္ဌ(၂) နိုင်ရော့စနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

★ **နိုင်ငံတော်မှ**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ကြိုဆိုထောက်ခံ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြသည်။

ကူညီပံ့ပိုးရေး

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတော်က ကူညီပံ့ပိုးရေးတို့ကို တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

နွေရာသီကရာတေးဒို အားကစားသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၄ခုနှစ် နွေရာသီ ကရာတေးဒို အားကစားနည်းသင်တန်းကို မတ် ၁၅ရက်မှ ဧပြီ ၉ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏ(ဘောလုံးကွင်း)နှင့် ရန်ကုန် ဝိုင်၊အမ်၊စီ၊အေတို့၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ နွေရာသီ ကရာတေးဒို အားကစားသင်တန်းသို့ တက်ရောက်ကြမည့် လူငယ်အားကစားမောင်မယ်များသည် သင်တန်းဖွင့်လှစ်မည့်နေရာများ၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဖေဖော်ဝါရီ ၂၃ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့်ဇနီးတို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ အနှစ်(၂၀)မြောက် အမျိုးသားနေ့ညစာစားပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Dato Haji Hussin Bin Haji Sulaiman နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်သမိုင်း(ငွေရတု) မကြာမီ ဖြန့်ချိမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဓာတ်ညွှန်းအလွှာမှ ကမကထပြု၍ မြန်မာ့ရုပ်ရှင်သမိုင်းပြုစုရေးကို စတင်လုပ်ဆောင်ခဲ့ရာ ယခုအခါ မြန်မာ့ရုပ်ရှင်သမိုင်းဖြစ်စဉ်(ငွေရတု)ကို တည်းဖြတ်ပြီး ပုံနှိပ်ခဲ့ရာ ပြီးစီးသွားပြီဖြစ်၍ မကြာမီအတွင်း ဖြန့်ချိနိုင်မည်ဟု သိရသည်။

ပါဝင်

မြန်မာ့ရုပ်ရှင်သမိုင်း ငွေရတုတွင် ၁၉၂၀ ပြည့်နှစ်မှ စတင်၍ ၁၉၄၅ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ပေါ်ပေါက်လာပုံ၊ ပထမဒါရိုက်တာ၊ ဓာတ်ပုံဆရာ၊ သရုပ်ဆောင် မင်းသား၊ မင်းသမီးများ အကြောင်း၊ စစ်ကြိုခေတ် အသံတိတ်ဓာတ်ကားများ ရိုက်ကူးထုတ်လုပ်ပုံ၊ မြန်မာအမျိုးသားပိုင် ရုပ်ရှင်ကုမ္ပဏီများ ပေါ်ပေါက်လာပုံ စသည်တို့ ပါဝင်သည်။

တည်းဖြတ်

ထို့ပြင် သမိုင်းဝင် ရှားပါးဓာတ်ပုံ၊ ခေတ်ဟောင်း သရုပ်ဆောင်များ၏ ရှားပါးဓာတ်ပုံများ ပါရှိသည်။

၁၉၂၀မှ ၁၉၄၅ ခုနှစ်အထိ ငွေရတုကာလနှင့် ပတ်သက်၍ ပြည့်ပြည့်စုံစုံ ဖော်ပြထားရာ ယင်းမြန်မာ့ရုပ်ရှင်သမိုင်းဖြစ်စဉ် (ငွေရတု)ကို ရုပ်ရှင်ပညာရှင် ဦးမြင့်စိုး (ဒဂုန်မြင့်စိုး)က ဦးဆောင်ရေးသား တည်းဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖြန့်ချိမည်

ယခုအခါ ပုံနှိပ်ပြီးစီးပြီဖြစ်၍ အဆိုပါ မြန်မာ့ရုပ်ရှင်သမိုင်းစာအုပ်ကို မကြာမီ ရုပ်ရှင်ပရိသတ်များ၊ သုတေသီများ ဖတ်ရှုလေ့လာနိုင်ရန် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။

(ကြေးမုံ)

မကြာမီ ဖြန့်ချိမည့် ဒါရိုက်တာမောင်မောင်ဦး(စနိုးဂိုက်) ရိုက်ကူးသည့် "တူးမေမေ" ဗီဒီယိုဇာတ်ကားမှ သရုပ်ဆောင်ကွက်တစ်ကွက်။

ပေါ့ပေါ့ပါးပါးပြုံး

မကြာမီရုံတင်မည့် ဒါရိုက်တာ အောင်မင်းသိမ်း ရိုက်ကူးသည့် "ပေါ့ပေါ့ပါးပါးပြုံး" ဇာတ်ကားမှ ကျော်ရဲအောင်၊ နန္ဒာလှိုင်နှင့် အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။

ဘရဏီရုပ်ရှင်မှ ဒါရိုက်တာလွင်မင်း၏ "ကြယ်ကလေးများ" ဇာတ်ကားမှ ကလေးသရုပ်ဆောင်များ။

ကြယ်ကလေးများ ဇာတ်ကား ရိုက်ကူးပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဘရဏီရုပ်ရှင်မှ ဒါရိုက်တာလွင်မင်း ရိုက်ကူးသည့် **ကြယ်ကလေးများ** ဇာတ်ကားမှာ ရိုက်ကူးပြီးစီးသွား၍ ရုံတင်ပြသနိုင်ရန် စီစဉ်လျက်ရှိသည်။ **ကြယ်ကလေးများ** ဇာတ်ကားသည် ကလေးလူငယ်ဘဝ ရှင်သန်တိုးတက်ရေးဖော်ညွှန်း၍ ရန်အောင်၊ မေသန်းနု၊ ဇာဂနာနှင့် ကလေးသရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားကြသည်။

(ကြေးမုံ)

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ စစ်ရေးပြစစ်ကြောင်းကြီးများ တည်းခိုနေရာစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများတည်းခိုနေထိုင်သည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၃နာရီခွဲတွင် အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ရောက်ရှိရာ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် စစ်ကြောင်းမှူးများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တည်းခိုနေထိုင်လျက်ရှိသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် ချီတက်ကြမည့် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့မှ အရာရှိ စစ်သည်များ၏ ထမင်းစားဆောင်၊ မီးဖိုဆောင်တို့ကိုလည်းကောင်း၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက် အရောင်းဆိုင်ကိုလည်းကောင်း၊ စစ်သည်ရေချိုးဆောင်နှင့် ရေအိမ်တို့ကို လည်းကောင်း၊ စစ်သည် အိပ်ဆောင်များကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် စစ်ကြောင်းများ စစ်ရေးပြလေ့ကျင့်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား (၅၉)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် အရာရှိ၊ စစ်သည်များ ကျန်းမာရေးနှင့် ညီညွတ်စေရန် အစားအစာများ ယင်မနားစေရေး၊ စနစ်တကျ ဖုံးအုပ်ထားရေး၊ ထမင်းချက်ဆောင်၊ စားသောက်ဆောင်နှင့်အိပ်ဆောင်တို့၏ ပတ်ဝန်းကျင်၌ အစဉ်သန့်ရှင်းသပ်ရပ်စေရေးတို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်နှင့် စစ်ရေးပြ လုပ်ငန်းများ လေ့ကျင့်သားပြည့်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများမှ အရာရှိ၊ စစ်သည်များ ဖတ်ရှုလေ့လာမှတ်သားနိုင်ရန် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ပြသထားသည့် ဘုရင့်နောင် ဆက်ဆံရေးစခန်းကို လည်းကောင်း၊ သက်သာချောင်ချိရေး အရောင်းဆိုင်များကို လည်းကောင်း၊ ကျန်းမာရေး ဆေးပေးခန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ စစ်ကြောင်းကြီးများ တည်းခိုနေထိုင်သော အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် "ဖွံ့ဖြိုးသာယာ ပြည်မြန်မာ"နှင့် "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ"ဟူ၍ ခေါင်းစဉ်နှစ်မျိုး သတ်မှတ်ပေးထားသည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ် တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀ လက်မ x၁၂လက်မနှင့်အထက် အရွယ် (Print)ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂိုတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ (Data) နှင့် ဓာတ်ပုံအကြောင်းအရာ(Caption)ကို သီးခြားစာရွက်ပေါ်တွင် ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများ ပါရှိလျှင် ၎င်းတို့၏ သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်းမရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ Digital ကင်မရာဖြင့် ရိုက်ကူးထားသောပုံများ ပေးပို့ယှဉ်ပြိုင်ရန်မလိုကြောင်း ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ ဒုတိယနှင့်တတိယဆုများအပြင် အထူးဆုများကိုပါ ထိုက်ထိုက်တန်တန်ချီးမြှင့်မည် ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများအား ၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ကျင်းပမည့် (၅၉)နှစ်မြောက်တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆုရရှိသူများကို သက်ဆိုင်ရာ တိုင်း၊ တပ်မဌာနချုပ်များ၌ ကျင်းပသော (၅၉)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄)ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၉ရက် မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာကကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တရုတ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာ လော်ဟောက်ဆိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ရောက်ရှိကြရာ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဒုတိယရဲမှူးကြီးဆယ်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြတိုက် မြေညီထပ်တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ဘုရင်များလက်ထက် မူးယစ်ဆေးဝါး ထိန်းချုပ်မှုပြကွက်များ၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မိုးဟိန်းအဆင့်(၆) လှုပ်ရှားမှု သမိုင်းဝင် ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်က ဆင်နွှဲခဲ့သည့် မိုးဟိန်း စစ်ဆင်ရေးလှုပ်ရှားမှု မှတ်တမ်းမှတ်ရာများနှင့် ပုံစံငယ်များ၊ တပ်မတော်က သိမ်းဆည်းရမိသော တရားမဝင် ဘိန်းချက်စခန်းပုံစံငယ်များနှင့် သမိုင်းဝင် ဓာတ်ပုံမှတ်တမ်းများ အပါအဝင် ပြခန်းအသီးသီးမှ ပြကွင်းပြကွက်များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင်သည် မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်နှင့် အပြည်ပြည်ဆိုင်ရာနားလည်မှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာလော်ဟောက်ဆိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး **H.E. Mr. Yaacov Avrahamy** လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaacov Avrahamy သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့လာရောက်တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းပြန်ကြားရေးဆိုင်ရာကိစ္စများတိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြိတ်မြို့ အမျိုးသမီးရေးရာအဖွဲ့နှင့် တွေ့ဆုံ၊ လုပ်ငန်းများ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် အဖွဲ့ချုပ်ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မြိတ်မြို့သို့ ရောက်ရှိကြသည်။

ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ နှင့် အဖွဲ့ဝင်များက တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ နာယက ဒေါ်နုနုဆွေ၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၈၀ ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားရာတွင် မိမိတို့အဖွဲ့သည် တနင်္သာရီတိုင်း မြိတ်မြို့သို့ လာရောက်၍ တနင်္သာရီတိုင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်း ပြောကြားမည်ဖြစ်ကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိစေရေးအပါအဝင် မွန်မြတ်သော ရည်ရွယ်ချက်ခုနစ်ရပ်ဖြင့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်အား ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းများ ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းမှ လုပ်ငန်းအသီးသီးကို တာဝန်ယူရန် ရွေးချယ်ထားသော လုပ်ငန်းအဖွဲ့ဝင်များအားလုံး မိမိတို့ဒေသတွင်းရှိ အမျိုးသမီးထု၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးမည်ဟု ယုံကြည်ကြောင်း၊ တာဝန်ယူထားသော အမျိုးသမီးရေးရာ အဖွဲ့ဝင်များအနေဖြင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိအမျိုးသမီးထုကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ အဖွဲ့ချုပ်၏ ဂုဏ်ကို မှေးမှိန်စေသော လုပ်ရပ်များနှင့် အပြုအမူများ ရှောင်ရှား၍ “အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့”ဟူသော အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ တက်တက်ကြွကြွ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်တူးရော်က အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များ လျှောက်ထားပုံကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်ဒေါ်ကျင်စန်းက ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးငယ်ရွယ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ရီရီမြင့်က စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြား/ဆက်သွယ်ရေး၊ စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/စီမံရေးရာ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

တွေ့ဆုံ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၈၀ ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါ်ရီရီမြင့်တို့က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် တနင်္သာရီတိုင်း တိုင်းအဆင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ၌ကျင်းပသည်။ အဆိုပါ တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် စပ်လျဉ်းသော မရှင်းလင်းသည့် အချက်အလက်များ၊ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆေးဝါးအသစ် မိတ်ဆက်ပွဲနှင့် ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

Lupin Lab Ltd.(India) မှ W.H.O အသိအမှတ်ပြု FDC (Fixed Dose Combination) AkuriT-4 ၏ ဆေးဝါးမိတ်ဆက်ပွဲနှင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့တို့၏ “Novel Approach to Management of Tuberculosis” ဆေးပညာ နှီးနှောဖလှယ်ပွဲကို ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ ပါမောက္ခကြီးများ၊ ဆရာဝန်များ၊ ဖိတ်ကြားထားသူများနှင့် Mega Product Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် Lupin Lab Ltd.(India) မှ Senior Manager Mr. Shrikant Kulkarni က အဖွင့်အမှာစကား ပြောကြားပြီး သဃ်န်းကျွန်း အထွေထွေရောဂါကုဆေးရုံကြီးမှ Chest Physician ဒေါက်တာရတနာကျော်က "A Brief Talk on FDC " အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာဖြူနိုးက "Novel Approach to Application of DOTS" အကြောင်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် Lupin Lab Ltd. (India) မှ "Medical Director Dr. Bhaduri က "Latest WHO Guidelines for TB Treatment " နှင့် Introduction of AkuriT-4 " ဆေးသစ်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ မေးမြန်းချက်များကို စာတမ်းဖတ်သူ ဆရာဝန်များက ရှင်းလင်းပြောကြားကြသည်။

တရားဝင်ဖြန့်ချိ

ယင်းနောက် Mega Products Ltd. မှ Managing Director Mr. Girish Wadhwa က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ Akuri T-4 (new FDC firstly launched in Myanmar) ကို Mega Products Limited မှ တရားဝင်တင်သွင်းဖြန့်ချိမည်ဖြစ်သည်။ (သတင်းစဉ်)

ပညာရည်ချွန်ဆုချီးမြှင့်

ဖေဖော်ဝါရီ ၂၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၂၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းငြိမ်းက ပထမတန်း ပညာရည်ချွန်ဆုရ မခင်ဆွေဟန်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အိုင်တီနှင့် စီးပွားရေးဆိုင်ရာ ဒီပလိုမာဘွဲ့များပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဗိုလ်တထောင်နှင့် စမ်းချောင်းမြို့နယ်ရှိ Informatics Computer Centre များ၏(၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် Thames Management Centre ၏ (၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၉နာရီက လှိုင်မြို့နယ် MICT Park ၌ပြုလုပ်ရာ အခမ်းအနားသို့ အီလက် ထရွန်နစ်အဆင့် အမျိုးသားလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပို ရေးရှင်း ဒါရိုက်တာဗိုလ်မှူးကြီးတင်ဦး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်၊ Singa Training Ltd. နှင့် United Engineering Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းခိုင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတကာအဆင့်မီ IT နှင့် စီးပွားရေးဆိုင်ရာ ဒီပလိုမာဘွဲ့များကိုပေးအပ်ရာ IT ပညာရပ်တွင် UCLES(UK) မှ ပေးအပ်သည့် DCS နှင့် NCC(UK) မှ ပေးအပ်သည့် IDCS ဘွဲ့ရရှိသူ ၈၅ ဦး၊ UCLES(UK) မှ ပေးအပ်သည့် ADCS နှင့် NCC(UK)၏ IAD ဘွဲ့ရရှိသူ ၁၆ ဦး၊ DIT ဘွဲ့ရရှိသူ ၁၂ ဦး၊ ADIT ဘွဲ့ရရှိသူတစ်ဦး၊ စီးပွားရေး စီမံခန့်ခွဲမှုပညာရပ်၌ UCLES(UK)မှ ပေးအပ်သည့် ဒီပလိုမာဘွဲ့ DBA ဘွဲ့ရရှိသူ ၄၁ ဦး၊HDBA ဘွဲ့ရရှိသူ ခုနစ်ဦး၊ ADBA ဘွဲ့ရရှိသူနှစ်ဦး၊ DBIT ဘွဲ့ရရှိသူတစ်ဦး၊ DMPR ဘွဲ့ရရှိသူခြောက်ဦးနှင့် ထူးချွန်စွာအောင်မြင်ကြသည့် သင်တန်းသူ၊ သင်တန်းသား ၃၅ ဦးတို့အတွက် အထူးဆုများတို့ကို မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူတို့က ပေးအပ်ကြသည်။ **(အပေါ်ပုံ)** (က-ပ)

မင်္ဂလာဒည့်ခံပွဲကျေးဇူးတင်လွှာ

ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်း–ဒေါ်ခင်လေးမြင့်တို့၏သားတပည့်၊
ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နွယ်နီလမ်း၊ အမှတ်(၂၅)နေ
ဦးအောင်မင်းဆွေ (Ex-Bosun) M.T.M Shipmanagement Pte Ltd, Singapore)–(ဒေါ်ထားမြင့်)
တို့၏သားငယ်

ဗိုလ်ကြီးဇင်မျိုးဆွေ B.A(History) တဗ(၂၃)

နှင့်

ဧရာဝတီတိုင်း၊ ကျုံပျော်မြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၀၆)နေ
ဦးတင်ထွန်း – ဒေါ်ခင်ညိမ်း(ချမ်းမြေ့အောင်ဆန်စက်နှင့်အိမ်ဆောက်ပစ္စည်း၊ ရေပိုက်ဆက်ပစ္စည်း
အမျိုးမျိုးရောင်းဝယ်ရေး)တို့၏သမီးထွေး၊ ဗိုလ်ကြီးခင်မောင်စိုး – ဒေါ်ခင်စန်းဦးတို့၏ညီမ

မဇင်မာထွန်း Second Year (Law)

တို့၏ ၁၄–၂–၂၀၀၄ရက်တွင် M-3 Food Centre ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇင်မျိုးဆွေ – မဇင်မာထွန်း။

ရွှေဘုန်းပွင့်စေတီတော် တတိယအကြိမ် ဘက်စုံပြန်လည်မွမ်းမံ တည်ဆောက်ရေး အလှူတော်ငွေများ ပေးအပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်ပြင်ဆင် မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကြီးနှစ်ရပ်အနက် ပထမလုပ်ငန်းဖြစ်သော စက်တော်ရာတန်ဆောင်းကို ပြုပြင်ခဲ့ပြီး ဖြစ်သည်။ ယခင်က ရင်ပြင်တော်သည် ကျဉ်းမြောင်းပြီး အမိုးမရှိသဖြင့် ဘုရားဖူးများ သွားလာရေးအခက်အခဲနှင့် အရိပ်အာဝါသ မရှိမှုများသည် ယခုအခါ အစစအရာရာ အဆင်ပြေပြီး ဘုရားဖူးလာ ရဟန်းသံဃာ၊ လူပရိသတ်များ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြပြီဖြစ်သည်။

ယင်းလုပ်ငန်းကြီး နှစ်ရပ်အနက် ဒုတိယလုပ်ငန်းဖြစ်သည့် ဘုရားကြီးကိုးဆူတန်ဆောင်း ပြန်လည် တည်ဆောက်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရန် ကျန်ရှိနေသဖြင့် ယခုအခါ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ ဘုရားကြီးကိုးဆူတန်ဆောင်း မြောက်ဘက်နံရံနှင့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးမှာ သုံးပေခန့်သာ ကွာဝေးသဖြင့် ကိုးပေခန့် ကျယ်ဝန်းသွားစေရေးအတွက် ဘုရားကြီးကိုးဆူ တန်ဆောင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စေတီတော်မြတ်ကြီး တောင်ဘက်တွင် စက်တော်ရာတန်ဆောင်းကဲ့သို့ ၁၁ပေ အနံရှိမည့် အာရုံခံအခန်း တစ်ခန်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ရာ ဆောင်ရွက်ပြီးစီးပါက ဘုရားဖူးလာရဟန်းသံဃာ၊ လူပရိသတ်များအနေဖြင့် ရင်ပြင်ကျယ်ကျယ် အရိပ်အာဝါသအောက်တွင် အဆင်ပြေ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်၍ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံ ပြန်လည် ပြင်ဆင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို မကြာမီ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ဖုန်း–၂၈၀၄၂၅၊၂၄၅၅၈၅၊ ၂၄၅၆၁၅၊ ၂၄၅၆၀၉၊ ၂၄၅၆၁၉ နှင့် ၂၄၅၆၂၄ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။ (သတင်းစဉ်)

မင်္ဂလာဒည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းကြည် (လက်ထောက်အင်ဂျင်နီယာ၊ လျှပ်စစ်–ငြိမ်း၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–ဒေါ်ခင်စောမူတို့၏တစ်ဦးတည်းသောသား

ဗိုလ်မှူးတင်ထွန်းဦး B.Sc (Zoology), Q (တဗ–၁၄)

နှင့်

မန္တလေးမြို့နေ ဦးကိုကို–ဒေါ်ခင်မိမိတို့၏ သမီးလတ်

မခင်မာမာကို B.Sc (Botany)

တို့၏ ၁၅–၂–၂၀၀၄ ရက်တွင် မန္တလေးမြို့ Oriental House ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ ချစ်သူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှမင်္ဂလာလက်ဖွဲ့ပေးပို့သော ဆွေမျိုး မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ပေးကြသော နှစ်ဖက်သောဆွေမျိုးသူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးတင်ထွန်းဦး–မခင်မာမာကို။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၃၈)နေ ဒေါ်ညိုညို [၁၂/လမန(နိုင်)၀၉၆၉၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ –

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ကမာရွတ်တိုက်နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ်(၇၃/c)၊ ဧရိယာ (၀ဒသမ၃၂၇)ဧကရှိ "၁၉၅၃ခုနှစ် လယ်ယာမြေ နိုင်ငံမြေ၊ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ–၃/(ခ)"ခွင့်ပြုပြီး မြေကွက်အစိတ် အပိုင်းအနက် တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်၏ အနောက်လားသော် **အင်းစိန်လမ်းမကြီး၊** မြောက်လားသော် **အိမ်အမှတ်(၄၀)၊** **အင်းစိန်လမ်းနှင့်** တောင်လားသော် **လှိုင်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရုံး၊** အရှေ့လားသော် **အက်စ်အေ အေပီလေးထံမှ ဝယ်ယူထားသောမြေကွက်အတွင်း မူလအိမ်အမှတ်(၃၈)၊** သုံးထပ် တိုက် တည်ဆောက်ထားသော (50'x84') အနက် သုံးပုံနှစ်ပုံကို ဒေါ်ညိုညို၏ ဖခင်ဖြစ်သူ ဦးဖေသန်းမောင်က ၁၉၂၉ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၂၉ စီရင်ချက်နှင့် ဒီကရီအပေါ်အခြေခံ၍ ကွယ်လွန်သူများ ဖြစ်ကြသော (အာရ်အင်စုပရာမန်းနီးပီလေး နှင့်ဇနီး ပါရ်ဝသီအမာလ်) တို့၏ အမွေဆက်ခံပိုင်ဆိုင်သည့်သားသမီးများဖြစ်သော ဦးဇော်ညွှန့်(ခ)မူရာဂါနာသန်း (အမ်အမ်အီး–၅၈၀၉၀၉)ပါ (၇)ဦးထံမှ မြေအစိတ် အပိုင်းကို ၂၄–၄–၈၄ရက်နေ့တွင် မြေအရောင်းအဝယ် စရန်ပေး ကတိစာချုပ် ပြုလုပ်ချုပ်ဆို၍လည်းကောင်း၊ ၉–၁၂–၈၅ရက်နေ့တွင် အပြီးအပိုင် လက်ရောက်လွှဲ ပြောင်းရောင်းချသည့် အရောင်းစာချုပ် ပြုလုပ်ချုပ်ဆို၍လည်းကောင်း မြေကို လက်ရောက်ရရှိနေထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

သို့ရာတွင် ၂၄–၄–၈၄ရက်နေ့ စရန်ငွေပေးကတိစာချုပ်အရ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးရန် ကျန်ရှိသည်ကို ကျွန်ုပ်မိတ်ဆွေထံသို့ (၇)ရက် ရက်သတ္တပတ်အတွင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် တောင်းဆိုအပ်ပါ သည်။ ပျက်ကွက်ပါက ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထွန်းအောင်ကျော် (LL.B, D.B.L)
တရားရုံးချုပ်ရှေ့နေ
တိုက်အမှတ်–၂၁၂၊ အခန်း(၂၂)၊ (၄)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဆယ့်တစ်မီးငြိမ်းစေတီ မင်္ဂလာအုတ်မြစ်စီ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဆယ့်တစ်မီးငြိမ်း လိုဏ်စေတီတော်ကြီး မင်္ဂလာအုတ်မြစ်စီအခမ်းအနား၊ ဆရာတော်ဘဒ္ဒန္တပညာသာရအား သိက္ခာထပ် မင်္ဂလာအခမ်းအနားနှင့် ဆရာတော် စံကျောင်း ရေစက်ချအခမ်းအနားတို့ကို ဖေဖော်ဝါရီ ၂၂ရက်တွင် ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျိုးတော်ဆောင် ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇာဂရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်ကြီးများ၊ တိုင်း၊ မြို့နယ်၊ရပ်ကွက်၊ကျေးရွာသံဃနာယက ဆရာတော်များ၊ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်မြေခံ တပ်နယ်မှူးနှင့်အရာရှိများ၊မိသားစုများ၊ ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဟာသဂျာနယ် အတွဲ(၂) အမှတ်(၃၀) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မောင်ဝဏ္ဏ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏တစ်ခါတည်း ကာတွန်း ဇာတ်လမ်းအပါအဝင် ဆရာကြီး ကာတွန်းဦးဖေသိန်း၊ ဆရာသာဂဒိုး၊ ဆရာလဒ၊ ကာတွန်းမြင့်သိန်း၊ မောင်နေမျိုး၊ သန်လျင်မောင်မောင်ဦး၊ ဆြာကြီးထိန်၊ ကာတွန်းတွတ်တွတ်၊ ဏီမှူး၊ တေးသံရှင်ကြည်အောင်၊ ကာတွန်းမြင့်စိုးလေး၊ ဗေရယ်၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ ကိုအောင်ငွေသိမ်း၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)တို့၏ ဟာသအတွေးအရေး ရုပ်ရှင်၊ သဘင် ရသများဖြင့် "ဟာသ" ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၀)ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က–ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ရန်ကုန်တိုင်း)

သုံးခွမြို့ မဟာအတုလမာန်အောင်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

သုံးခွ ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း သုံးခွမြို့နယ် နံ့ယောကျေးရွာတွင် အသျှင်စန္ဒာသူရိယ မဟာမြိုင်ဆရာတော် ပြုပြင်တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် " မဟာအတုလမာန်အောင် ဆုတောင်းပြည့်စေတီတော်ကြီး"၏ သဓာတုက သုဝဏ္ဏ ဆတ္တရွှေထီးတော်မြတ်ကြီး တင်လှူပွဲအောင်မြင်ခြင်း အထိမ်းအမှတ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် မဟာသရဏဂုံတော်ကြီးနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ၊ စေတီတော်ရင်ပြင် ပတ်လည်ပြည့် ကျောက်ပြား၊ ကြွေပြားများဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ ရက် အထိ ကျောင်းတိုက်ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဉာဏာလင်္ကာရ ဦးဆောင်မှုဖြင့် ဒါယကာ၊ ဒါယိကာမများက ကျင်းပမည်ဖြစ်သည်။

(မြို့နယ်ပြန်/ဆက်)

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် နယ်စပ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် ဟားခါးမြို့နယ် ဟာအိုဆန် ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းအားကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အချို့ စည်းကမ်းဖောက်ဖျက်မှုများရှိနေ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်လျော့နည်းစေရန် ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက် ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

—အဆင်ပြေချောမွေ့ရေး—

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည်အရပ်ရပ်ရှိ ဒေသများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံများဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် ရန်ကုန်မြို့တွင်း ခရီးသည်တင်ဘတ်(စ်)ကားများ၊ မြို့ပတ်ရထားများဖြင့် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

— ဆွေးနွေးတင်ပြ —

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မရှိစေရေးနှင့် အချိန်မှန်သွားလာနိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ကြပ်မတ် စစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယာဉ်မောင်း၊ ယာဉ်နောက်လိုက်အချို့သည် ကြီးကြပ်ကွပ်ကဲမှုအားနည်းလျှင် နည်းသည့်အလျောက် စည်းကမ်းဖောက်ဖျက်မှုများရှိနေသဖြင့်တာဝန်ရှိသူမှအဆင့်ဆင့် စနစ်တကျကြပ်မတ်ပြီး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ထိရောက်စွာ အရေးယူကြရေးနှင့် ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်ဖြစ်မှုများ လျော့နည်းစေရန် တာဝန်ရှိသူ အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သုံးနှစ်ဆက်တိုက်တံခွန်စိုက်ဒိုင်းဆုရ ရောဝတီတိုင်း တင်းနစ်အသင်း ဂုဏ်ပြုပွဲအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှကြီးမှူးကျင်းပသော(၄၁)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက်တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီတိုင်း တင်းနစ်အသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၂နာရီက ပုသိမ်မြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တင်းနစ် အားကစားအသင်း အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အသင်းအုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများက တိုင်းမှူးအား တစ်ဦးချင်း မိတ်ဆက်ကြပြီးနောက် အသင်းအုပ်ချုပ်သူ ဦးတင်ဝင်းက ပြိုင်ပွဲ အတွေ့အကြုံနှင့် ယှဉ်ပြိုင်မှုများ၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် အနိုင်ရရှိအောင် ကြိုးပမ်းဆောင်ရွက် ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို တိုင်းမှူးထံလွှဲပြောင်းပေးအပ်ပြီး တိုင်းမှူးက အသင်းအုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံးဆုရ

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေက အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ အကောင်းဆုံးအားကစားသမားဆုရ မောင်လှဝင်းနိုင်အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်၊ ကလေးအသင်းနာယက ရွှေတောင်မြို့နယ်အတွင်း အသင်းလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း(အနောက်ပိုင်း)မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီ နာယက ဒေါ်နိုင်နိုင်မော်နှင့်ကော်မတီဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက ရွှေတောင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ အသင်းနာယကကရွှေတောင်မြို့နယ် အသင်းခွဲမှ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် အသင်းနာယကနှင့်ကော်မတီဝင်များသည် အသစ်ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ရွှေတောင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မူလတန်းကြိုကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ခဉ်ကူးနှင့်မတ္တရာမြို့နယ်နွေစပါးစိုက်ပျိုးရေး တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီက မတ္တရာမြို့နယ် လယ်ကောင်းကြီး ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂)သို့ရောက်ရှိပြီး တောင်သူဦးပေါက်စ၏လယ်မြေ ၁၂ဧကတွင် ဆည်တော်ကြီးရေသောက်စနစ်ဖြင့် နွေစပါးပျိုးထောင်ထားရှိမှု၊ မြေပြုပြင်မှုလုပ်ငန်းဆောင်ရွက်မှုများနှင့် လယ်ကောင်းကြီးမြောင်း ရေသောက်ဧရိယာ၊ ကံဖြူကျေးရွာအနီးတွင် နွေစပါးစိုက်ပျိုးရန်မြေပြုပြင်မှုလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ပံ့ပိုးဖြည့်ဆည်း

ဆက်လက်၍ ညောင်တုန်းကျေးရွာ အုပ်စုတွင် ရွှေတစ်ချောင်းမြောင်း ရေသောက်စနစ်ဖြင့် မနောသုခအမျိုးအစား နွေစပါးများစိုက်ပျိုး ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် စဉ့်ကူးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု မောင်းမကန်အင်းသို့ရောက်ရှိပြီး မောင်းမကန်အင်းစိုက်ဧက ၂၃၂၀တွင် စိုက်ပျိုးထားရှိသော မနောသုခစပါးများအား မြေအောက်ရေတင်စနစ်ဖြင့် ရေပေးသွင်းမှုနှင့် စပါးများစိုက်ပျိုးဖြစ်ထွန်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မန္တလေးတိုင်း မတ္တရာမြို့နယ်တွင် ၂၀၀၃–၂၀၀၄ခုနှစ် စိုက်ပျိုးရာသီ၌ နွေစပါးစိုက်ပျိုးရန် လျာထားဧက ၄၃၀၀၀အနက် ဧက ၈၅၉၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် စဉ့်ကူးမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် လျာထား ဧက ၄၅၀၀ အနက် ၃၉၆၁ဧက စိုက်ပျိုးပြီးဖြစ်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၃ရက်က လှိုင်သာယာစက်မှုမြို့ အမှတ်(၁)နေ့ကလေးထိန်းကျောင်း ပျော်ပွဲရွှင်ပွဲနှင့် တေးသရုပ်ဖော်ပဒေသာ ကပွဲအခမ်းအနားကို ကျောင်းခန်းမ၌ကျင်းပရာ ကလေးများ သရုပ်ဖော်ကပြကြစဉ်။ (၄၉)

ကျုံပျော်အထက အာစရိယပူဇော်

ကျုံပျော် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ကျုံပျော်မြို့ အထက်တန်းကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက အထကကျောင်း၏ အောင်ဆန်းခန်းမတွင် ကျင်းပသည်။ အခမ်းအနားသို့ ကန်တော့ခံ သက်ကြီးဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုစုပေါင်း ၁၂၀၀ ကျော် တက်ရောက်ကြပြီး ဆရာ၊ ဆရာမများအား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဆရာ၊ ဆရာမများ ကိုယ်စား ဆရာဦးအောင်ထင်၊ ဒေါ်လှရီ၊ ဦးဉာဏ်ထွန်းနှင့် ဦးမောင်မောင်တို့က သြဝါဒစကားများ အသီးသီးပြောကြားကြသည်။ **(၁၅၆)**

သမိုင်းဝင် ဘော်ကြို မုဋ္ဌောစေတီ ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

သီပေါ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုမုဋ္ဌောစေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၆ ရက်ထိ) ကျင်းပမည်ဖြစ်သည်။

အနေကဇာတင်

တပေါင်းလဆန်း ၁၀ ရက်တွင် ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်ပွဲ၊ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ၊ စိန်ဖူးတော် အသစ်တင်လှူပွဲ၊ တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့ထိ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ တပေါင်းလပြည့်နေ့တွင် စုပေါင်းဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲဆွမ်းတင်လှူပွဲ၊ လပြည့်ကျော် ၁ ရက်တွင် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအခမ်းအနားနှင့် ရေစက်ချပွဲများ ကျင်းပမည်ဖြစ်သည်။ (၂၄၇)

ချင်းပြည်နယ် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ထောင်လီန်း ကျောက်ချောလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပရာ ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ပြည်နယ်စည်ပင်)

ဝိနယ ပရိယတ္တိ ဓမ္မဒါယာဒအသင်း ဝိနည်းစာပြန်ပွဲ ဆိုင်းဘုတ်တင်

မလှိုင် ဖေဖော်ဝါရီ ၁၃

မလှိုင်မြို့နယ် ဝိနယ ပရိယတ္တိ ဓမ္မဒါယာဒအသင်းမှ ကြီးမှူးကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတု ဝိနည်းစာတော်ပြန်ပွဲ ဆိုင်းဘုတ်တင် အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က မလှိုင်မြို့ မိတ္ထီလာလမ်းနှင့် ဆည်တိုလမ်းဆုံတွင် ကျင်းပသည်။

ပါဝင်မည်

စိန်ရတု ဝိနည်းစာတော်ပြန်ပွဲကြီးကို နတ်တော်လတွင် မလှိုင်မြို့ သာသနာ့ဝေပုလ္လ လေးမျက်နှာ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ စိန်ရတု အထိမ်းအမှတ် ဝိနည်းပိဋကတ်တိုက်တော် ဆောက်လုပ်လှူဒါန်းခြင်း၊ အသံမစဲ ဝိနည်းငါးကျမ်းရွတ်ဖတ်ပူဇော်ခြင်း၊ ဓမ္မသဘင်ပွဲများ ဆင်ယင်ကျင်းပခြင်း၊ အာဂုံရေးဖြေ၊ သဘောရေးဖြေ၊ အာဂုံစာပြန်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

စိန်ရတုအထိမ်းအမှတ်

စိန်ရတုအထိမ်းအမှတ် မဂ္ဂဇင်းကိုလည်း ထုတ်ဝေရန် စီစဉ်နေကြောင်း သိရသည်။ **(က-ပ)**

ကျောက်ခင်းလမ်း ပြင်ဆင်ရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်း

နောင်ချို ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုနှင့် ပွင့်လင်းရာသီ ကျေးလက်ကိုယ့်အားကိုယ်ကို လွန်ကျော်-သရက်ကုန်း ကျောက်ခင်းလမ်းအား ပြင်ဆင်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းအားလုံး အောင်မြင်စွာပြီးမြောက်စေရေးအတွက် အင်ဂျင်နီယာအဖွဲ့ခေါင်းဆောင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစိုင်းဝင်းမောင်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ နယ်မြေ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းကြသည်။

အဆိုပါ ကျောက်ခင်းလမ်း ပြင်ဆင်မှုလုပ်ငန်း ပြီးစီးပါက ဒေသထွက်ကုန်ဖြစ်သည့် ဂျုံ၊ ပြောင်း၊ ပန်းနှမ်း၊ ကြံသကာ၊ ကော်ဖီများ၊ ပြင်ဦးလွင်၊ မန္တလေးမြို့များသို့ ရောင်းဝယ်မှုလုပ်ငန်း ယခင်ကထက် လွယ်ကူစွာ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၂၄၂)**

ဖေဖော်ဝါရီ ၅ ရက်က မြောင်းမြမြို့မ ဝက်သားဆိုင် လုပ်ငန်းရှင် ဦးအောင်မြေနှင့် မိသားစုက ဌာနဆိုင်ရာများ၊ မြောင်းမြ ပြည်သူ့ဆေးရုံကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မေတ္တာမွန် ဘိုးဘွားရိပ်သာနှင့် ပရဟိတကလေးများ ဂေဟာသို့ စုစုပေါင်း ငွေကျပ် ၁၃ သိန်း ပေးအပ်လှူဒါန်းရာ မြောင်းမြခရိုင် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် (၁) ဦးအေးဟန် လက်ခံရယူစဉ်။ (၁၇၆)

မြို့နယ်သတင်းများ

ဒေးဒရဲ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ လှူဒါန်း

ဒေးဒရဲ ဖေဖော်ဝါရီ ၁၃

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ ပညာပေး ဗီဒီယိုပြသပွဲနှင့် သုတကမ္ဘာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ကျုံသင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးစန်းလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်ပေး

အလားတူ ဇန်နဝါရီ ၂၈ ရက်တွင် ကွန်ပလိုင်းကျေးရွာအုပ်စု ရုံးခန်းမ၌ နယ်လှည့် စာကြည့်တိုက်နှင့် သုတရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလှူရှင်များ လှူဒါန်းသည့် မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံတို့အား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရမည်းသင်းမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၃၄၈)နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၃ရက်က မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြကြစဉ်။ (ခရိုင်ပြန်/ဆက်)

စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲ ကျင်းပ

ခန္တီး ဖေဖော်ဝါရီ ၂

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀နာရီတွင် ခန္တီးမြို့နယ် ဆင်သေကျေးရွာ တွဲဖက်အထက်တန်းကျောင်း ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသူများက စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာများနှင့် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အကျိုးပြု ဓာတ်ပုံများကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာကြသည်။ **(ခရိုင်ပြန်/ဆက်)**

မြို့မဈေးသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မင်းလှ ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့မဈေးပတ်လည် သန့်ရှင်းသပ်ရပ်လှပစေရေးအတွက် ရေမြောင်းတူးဖော်ခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးသိန်းလှိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသီဟထွန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

စာရေးဝန်ထမ်းများ လုပ်ငန်းသင်တန်းဆင်း

လားရှိုး ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲအခမ်းအနားကို ပြည်နယ်အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်စား ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနီက အမှာစကားပြောကြားသည်။

ကျေးဇူးတင်စကား

ထို့နောက် သင်တန်းကြီးကြပ်ရေးအဖွဲ့၏ သုံးသပ်ချက်များကို ပြည်နယ်ဦးစီးအရာရှိ ဦးအောင်ကြိုင်က ရှင်းလင်းပြောကြားပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းအား ရက်သတ္တပတ် နှစ်ပတ် ဖွင့်လှစ်သင်ကြားခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ ၁၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၃၃)**

ဘိုကလေးမြို့တွင်း ကတ္တရာလမ်းဖွင့်

ဘိုကလေး ဖေဖော်ဝါရီ ၁၅

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော စံပယ်ကတ္တရာလမ်း (ဒုတိယပိုင်း) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က အဆိုပါလမ်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုရဲမှူး ကိုကိုနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကတ္တရာလမ်း (ပထမ ဒုတိယပိုင်း)သည် အရှည် ၁၀၀၀၄ ပေ၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၃၂၅၀၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ထားသော လမ်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် နတ်တလင်း ပညာရေးအုပ်စု(၂) ကျောင်း မိသားစု (၂၄) နဖားအင်းအခြေခံ မူလတန်း(စံပြ)ကျောင်း ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ပြည်မြို့နယ် မြို့နယ်ပညာရေးမှူး ဦးချစ်လှက ဘက်စုံပညာ ထူးချွန်ဆုရ ကျောင်းသား မောင်ကျော်ဇင်မိုးအား ဆုချီးမြှင့်စဉ်။ (၁၃၇)



- 20(B) Yaw Min Gyi Street, Dagon Township, Yangon. Tel: 01-245311
- 173/175 Pansodan Street, Kyauktada Township, Yangon. Tel: 01-250596, 250597
- 100 36th Street, Bet 82-83 St, Mandalay. Tel: 02-35571
- A 14/15 First Floor, Yuzana Plaza, Yangon. Tel: 01-200747 Ext: 2012
- 90(A,B) Kabar aye Pagoda Road, Bahan Township, Yangon. Tel: 01-540003-5
- 129 Kan Shae Quarter, Merchant Road, Taunggyi. Tel: 081-22057

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်၊
၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်

၁။ ၂၀၀၄ခုနှစ်၊ မတ်လ(၁၃)ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ မြေညီထပ်တွင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် ကောင်တာများရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

(26-2-2004) မှ (3-3-2004) ထိ
ဖုန်း 01-690264, 662129

Silver View BEACH RESORT (NGWE SAUNG)
Silver View Package Tour

ကွန်ပျူတာနည်းပညာသင်တန်း
MCC
⇨ Software Engineering Course
⇨ Network Engineering Course
⇨ Web Developer Course များနှင့်
ICT
ဖုန်း – ၂၄၅၇၇၀၊ ၃၈၁၈၇၇

မွေးနေ့ဆုမွန်
(Chief Engineer) M.V Little Angles T.M.T Co., Ltd.
B.A (History)

SPLENDOUR
Beauty Care Salon
Open Daily
9:00 am ~ 9:00 pm
ဆံပင်ပိုင်းဆိုင်ရာ – ညှပ်ခြင်း ၊ ကောက်ခြင်း ၊ ဖြောင့်ခြင်း ၊ ဆိုးခြင်း ၊ ဆေးထိုးခြင်း ၊ လျှော်ခြင်း ၊ ပေါင်းတင်ခြင်း
မျက်နှာပိုင်းဆိုင်ရာ – မျက်နှာသစ်ခြင်း ၊ ပေါင်းတင်ခြင်း ၊ မျက်ခုံးထိုးခြင်း
မြေသည်း ၊ လက်သည်း
ဖုန်း – ၅၂၄၆၁၅/ ၇၂၁၈၇၅

Diploma in IT
Diploma in Information Technology
CHRD (UDEY)

ခိုင်ပွင့်ခတ္တာ

Yan Aung

RUBY CarRental
725317, 650823
24, 8th

CRANE

မင်းတုန်းမင်း
ထိုက်စိုး
Ever Media

ပုံဆောင်မဲ့ ပုန်းညက်ညနေ
ဆူးငှက်
Ever Media

MPEC

Software Engineering & Project Management Course

• Introduction to Software Engineering • IT Architecture • Methodologies & Design Techniques • Requirement Engineering • Project Management • Software Quality Assurance • Case Studies

Time : Mon, Wed & Fri (7:30 to 9:30 am)

25% Off

Date : 27th February 2004

Ph: 502801, 505278, 539151, 668779, 668259

NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

Mar 4,20,26 Mar 4,20,26

Mar 20,27 Mar 5,12

Ph : 725 789, 537 024

OD Tour

Feb 28,Mar 2,4,5 Feb 28 Mar 2,4,5

Feb 28,29/ Mar 2,4,5

Feb 28,Mar5

Feb 28 Mar 2,4,5

OD Style

ဆန်းစနေဝန်း

ဧဒဏ္ဍာရှင်

379528

ENGLISH (U.M.N)

GRAMMAR

MT&K Tourism Co., Ltd.

Hotel Max (March - 5) 6AM

(March - 5) 5AM

(March - 3) 7PM

Ph: 663161, 666220, 4410043, 09-2042015, 09-5016937

MCC Budget Training Program

English Foundation Course

• (Social & Business English) ... beginner ...

Golden Flower Co.,Ltd

ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ

(သုဝဏ္ဏအားကစားကွင်းအနီး)

အဆင့်မြင့်တိုက်ခန်းကျယ်များ **Room Type**

2300 Sft

2800 Sft

ရောင်းချလျက်ရှိပါသည်

အရောင်းခန်းမ

Golden Flower Plaza

ရန်ကုန်မြို့။

ကုမ္ပဏီ Golden Flower Plaza

ကုသိုလ်မင်္ဂလာအဖြာဖြာတိုးပွားစေသည့်ရန်ကုန်တိုင်း

မင်္ဂလာဒုံဥယျာဉ်မြို့တော် ဇမ္ဗူ့ ဥသျှောင်မြတ်ဘုန်းခေါင်စေတီတော်များ

ရွှေထီးတော်တင်လှူပွဲကြီးအား ကြိုဆိုပူဇော်သောအားဖြင့်

AZADA ART MYANMAR မှ မန္တလေးသိန်းဇော်၏

မြတ်ဆုမွန်ဆံတော်ရှင်ဓမ္မပူဇာတေး VCD အား(၁၅)ရက်တိုင်တိုင်

အထူးနှုန်းဖြင့် ဖြန့်ချိရောင်းချပေးမည့်အစီအစဉ်–

၂၀၀၄ခုနှစ်ဖေဖော်ဝါရီ(၂၂)ရက်မှစ၍ မတ်လ(၇)ရက်အထိ မြတ်ဆုမွန် VCD KARAOKE အား မူရင်းအပြင်အဆင်၊ မူရင်းအရည်အသွေးအတိုင်းဖော်ပြပါ အထူးနှုန်းထားများဖြင့် AZADA မှ တရားဝင်ဖြန့်ချိပေးပါမည်။

လက်လီ = ၁၂၀၀ကျပ်(တစ်ချပ်လျှင်)

လက်ကား= ၁၁၀၀ကျပ်(တစ်ချပ်လျှင်)

AZADA ART MYANMAR

ART PRODUCTION,DISTRIBUTION

& ART GALLERY

NO(199)FIRST FLOOR,

34th STREET, KYAUKTADA,

Phone: 371900, 285860

ဇင်ယော်နီ

ရသေ့ကြီးဦးရွှေတောင်၏ ဘဝဇာတ်ကြောင်းများ

မင်းသိင်္ခ ၏ မှတ်ဆိတ်ဖြူကြီးဇာတ်လမ်း နှင့် ဇင်ယော်နီ၏ ရသေ့ကြီးဦးရွှေတောင်ဇာတ်လမ်း တို့၏ မတူညီသော တူညီခြင်းများ မြင်တွေ့ရမယ် ...

Ixora

CAFE & CHINESE RESTAURANT

20% Disc

အခြန်ငှားမည်

13'x50' 1BR;Ph; 25'x35' 2BR;Ph; 17'x45' H.T;Ph; 15'x50' 2BR;Ph;1A/C;Furni;

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးသောင်းလွင် – ဒေါ်ထွန်းရွှေ

အောင်နီလာရတနာစတိုး(မြိတ်)

ဖေဖေ ဦးသောင်းလွင်နှင့် မေမေ ဒေါ်ထွန်းရွှေ (အောင်နီလာရတနာ စတိုး၊ မြိတ်) ကွယ်လွန်သွားသည်မှာ ၁၇–၂–၂၀၀၄နေ့တွင် တစ်နှစ် ပြည့်သွားသော်လည်း တစ်နေ့မျှ မမေ့နိုင်စွာ လွမ်းဆွတ်လျက်ရှိပါသည်။

ဖေဖေနှင့် မေမေတို့အတွက်ရည်စူးသမျှ ကုသိုလ်ကောင်းမှု အစုစုကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ ဖေဖေနှင့်မေမေရေ အမျှ–အမျှ–အမျှ။

ကျန်ရစ်သူသားသမီးတစ်စု–

ကိုမြင့်ဦး–မခင်မာဝင်း (အောင်နီလာရတနာစတိုး၊ မြိတ်)

ဒုအရာခံဗိုလ်သန်းလှိုင်–မသီသီလွင် (အောင်နီလာရတနာစတိုး၊ ရန်ကုန်)

ကိုသန်းကို–ဒေါက်တာဝင်းစီစီခိုင် (အောင်နီလာရတနာစတိုး၊ မြိတ်)

ကိုသန်းထိုက်–မမြင့်မာစန်း (အောင်နီလာရတနာစတိုး၊ မြိတ်)။

စားပွဲနှင့်ကုလားထိုင်များ

ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂။

ဝမ်းနည်းကြေကွဲခြင်း

မရီရီလွင်(ခ)မီးငယ်

အောင်နီလာရတနာစတိုး(မြိတ်)

အချစ်ဆုံးညီမလေး မရီရီလွင်(ခ)မီးငယ် ၁၅–၂–၂၀၀၄နေ့တွင် ညီအစ်ကိုမောင်နှမများနှင့် ခွဲခွာသွားပါသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု–

ကိုမြင့်ဦး–မခင်မာဝင်း (အောင်နီလာရတနာစတိုး၊ မြိတ်)

ဒုအရာခံဗိုလ်သန်းလှိုင်–မသီသီလွင် (အောင်နီလာရတနာစတိုး၊ ရန်ကုန်)

ကိုသန်းကို–ဒေါက်တာဝင်းစီစီခိုင် (အောင်နီလာရတနာစတိုး၊ မြိတ်)

ကိုသန်းထိုက်–မမြင့်မာစန်း (အောင်နီလာရတနာစတိုး၊ မြိတ်)။

သားအဖြစ်မှ

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ကျွန်မတို့၏သားဖြစ်သူ မောင်ကျော်ဇင်ဝင်း [၉/မတရ(နိုင်) ၁၁၁၆၂၆]ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စများဆောင်ရွက်နေပါ၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စ (လုံးဝ) တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

အဖ–ဦးမောင်အေး၊အမိ – ဒေါ်ဝင်း။

လွမ်းဆွတ်သတိရခြင်း

ဒေါ်သန်းရွှေ (၈၆)နှစ်

(ထားဝယ်)

ချစ်သောမာမီ သမီးတို့တို့ မိသားစုနဲ့ခွဲခွာသွားသည်မှာ ၂၃-၂-၂၀၀၄ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း မာမီ့ကိုတစ်နေ့မှ မေ့မရပါ-

ချစ်သမီး-ဒေါ်ဝါဝါဝင်း(မ-စ-ဘ၊ ငြိမ်း)-
ဦးသိန်းမြင့်(လက်/ထွေမန်နေဂျာ၊ ဘဏ်ခွဲ(၁)၊ ရန်ကုန်
ချစ်မြေးများ-မသိမ့်သိမ့် Final Year, English (Dagon University)
မောင်ကျော်သိန်းစိုး(ခ)ကောင်းခန့် B.Sc (Maths)
မသက်မာဝင်: Final Year, Eco Y.I.E ACCA Part II

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်စန်းလွင်(၇၂)နှစ်

(ဘက်ရဲ-ကြံခင်းမြို့နယ်)

ဇရာဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ ကျောင်းအုပ်ဆရာကြီး (ဦးဘအေး-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးသောင်းရွှေ၏ ဇနီး၊ ဘက်ရဲမြို့နေ ဦးခင်မောင်သောင်း-ဒေါ်ခင်စန်း၊ဦးတိုးလွင်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးစိုးနိုင်-ဒေါ်စောမိုမိုမသက်သက်လွင်(အ-လ-ပြ၊ ငြိမ်း)တို့၏မွေးသမိခင်၊ ဦးတင့်ဆွေ-ဒေါ်အုန်းမေ(ဘက်ရဲ၊ အုတ်ပုံ)တို့၏ညီမ၊ ဦးသန်းဆွေ-ဒေါ်တင်နွဲ့(တရုတ်မော်)၊ ဦးဖေဆန်း-ဒေါ်ကြည်စိန်(မြန်အောင်)၊ ဦးဖေဝင်း-ဒေါ်သောင်းရီ(ဘက်ရဲ)တို့၏အစ်မ၊ မဝင်းလတ်လတ်ဦး(B.Ed)၊ မခိုင်ရည်သော်(အထက-ဘက်ရဲ)၊ မောင်ကြည်လွင်ကို(အထက-ဘက်ရဲ)၊ မောင်ဝေယံထက်နိုင်(အလက-၁၊ဒဂုံ)၊ မောင်မြင့်သူ ကောင်းနိုင်(အလက-၁၊ ဒဂုံ)၊ မသင်းဝတ်ရည်သော်တို့၏အဘွား ဒေါ်စန်းလွင်သည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဇရာဝတီတိုင်း၊ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ဘက်ရဲမြို့နေအိမ်မှ ဘုရားရှစ်ဆူသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ)ဒေါ်ဝင်းကြည်

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ကျောက်မြောင်း၊ သုခလမ်း၊အမှတ်(၄၉) ၄လွှာနေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏သမီးငယ်၊ (ဦးဝိုင်း-ဒေါ်အန်)တို့၏သမီးချွေးမ၊ ဦးမြင့်စိုး-ဒေါ်ရိမ်၊ဦးအုံးခိုင်-ဒေါ်အေးမြင့်၊ ဦးချာလီချီးယား-ဒေါ်နုနုရင်၊ ဒေါ်ကေတီချီးယားတို့၏ညီမ၊ ဦးအောင်ဖြိုးထွန်း-ဒေါ်လီလီတို့၏ အစ်မ၊ ဦးလှအောင်(ခ) ဦးဘော်ဘီချီးယား(ဂျာမန်သံရုံး)၏ ချစ်လှစွာသောဇနီး၊ကိုကျော်စိုးသိန်း၊ မောင်ကျော်စိုးဟိန်း(VIII- C၊ထ-၁၊တာမွေ)တို့၏ချစ်လှစွာသောမိခင်သည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွား ပါသဖြင့် ၂၄-၂-၂၀၀၄(အင်္ဂါနေ့) ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်း

အသက်(၅၀)

အရာခံဗိုလ်ဝန်ထောက် ဦးတင်မောင်ဆွေ အမှတ်-၉၆၀၊ ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်၏ဇနီး၊ ကိုကောန်ခါ၊ကျော်မွန်းကောန်၏မိခင် ဒေါ်နန်း(ခ)ဒေါ်စန်းစန်းသိန်းသည် ၂၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုသန်းထိုက်၊ ကိုစည်သူ၊ ကိုထွန်းလူမော်
ပျဉ်းမနားမြို့။

ဦးစိုးညွန့်(၆၃)နှစ်

(Mr. Candy သကြားလုံးစက်ရုံ)

တိုက်ကြီးမြို့နေ (ဦးကျော်ခင်-ဒေါ်မြ)တို့၏ သား၊ ဦးစိုးသိမ်း၏ညီ၊ မြောက်ဥက္ကလာပမြို့နယ်၊ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ ဦးတေလမ်း၊ အမှတ်(၁၂)နေ ဒေါ်ရင်ရွှေ၏ ခင်ပွန်း၊ ဒေါက်တာစောဝင်း-မလှဥမ္မာစိုး၊ ကိုထွန်းသိန်းမြင့်-မနီလာစိုး၊ ကိုစောရန်အောင်-မခင်စိုးမိုး၊ မအေးစန္ဒာစိုး(သဲနုစံ-အလှပြုပြင်ရေး)၊ ကိုဝင်းမင်းထွန်း(ဒ-မြို့နယ်တရားသူကြီး၊ ခရမ်းမြို့)-မဇင်မာလင်း၊ မနေခြည်ထွေးတို့၏ဖခင်၊မြေးငါးယောက်တို့၏ အဘိုးသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှထွန်း(၅၇)နှစ်

အတွင်းရေးမှူး၊မုံလယ်တောရမွေရိပ်သာ

အမှတ်(၄၀၂)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းနေဒေါ်ခင်မေစီ၏ခင်ပွန်းသည် ၂၃-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ၂၅-၂-၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ မုံလယ်ယောဂီများအားလုံး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂:၃၀နာရီတွင် ထွက်ပါမည်။)

မုံလယ်ဝေယျာဝစ္စအဖွဲ့။

မောင်စိုးမိုးနိုင်(၃၁)နှစ်

အမျိုးသားပြတိုက်

ဒဂုံမြို့သစ်မြောက်ပိုင်း (၂၈)ရပ်ကွက်၊ အောင်သီရိ(၆)လမ်း၊ အမှတ်(၇၁၆)နေ ဦးအောင်ကြည်-ဒေါ်ခင်တင့်၊ ဦးစိုးနိုင်-ဒေါ်ခင်စုတို့၏ တူ/သား၊ မမိုးသီတာအောင်၏ မောင်၊ မောင်လွင်အောင်၊ မောင်လေးအောင်-မမိုးသူတို့၏ ညီ၊ မသူဇာအောင်၏မောင်၊ စုဝါလှိုင်၏ အစ်ကိုသည်၂၂-၂-၂၀၀၄ရက် ညနေ၆:၁၅နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်သိန်း (၆၄)နှစ်

ဦးစီးအရာရှိ(ငြိမ်း)
ပြည်တွင်းအခွန်များဦးစီးဌာန

အမှတ်(၇၉၃)၊ မာဃ(၈)လမ်းထိပ်၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ အေးကော်မာရှယ်ကောလိပ်ကျောင်းအုပ်ဆရာကြီး(ဦးအေးမောင်) (FIPS London)-(ဒေါ်တင်ရွှေ)တို့၏ သား၊ (ဦးသိန်းလှ-ဒေါ်သင်းမေ)တို့၏ သားသမက်၊ (ဒေါ်သန်းနု)၏ ခင်ပွန်း၊ ဦးတင်လှ-ဒေါ်စောစောထွေး (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးသန့်ဇင်-ဒေါ်ခင်မမ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒေါ်သန်းအေး၊ ဦးကျော်မြင့်(အမှတ်-၃၊ သတ္တုတွင်းလုပ်ငန်း၊ ကျိုက်ကုလားဝင်း၊ ဒလမြို့နယ်နေ ဦးငွေးလုံးတို့၏ အစ်ကိုကြီး၊ ဦးကိုကိုလွင်(အုပ်ချုပ်ရေးမှူး၊ နေသူစံပညာရိပ်သာ)-ဒေါ်ခင်တိုးတိုးဝင်း(နေမျိုးရုံအထည်ဆိုင်၊ စစ်ကိုင်းမြို့)၊ ဦးမောင်မောင်သန်း(B.A Myanmar) (ပြည်တွင်းအခွန်၊ သာကေတ)၊ ဒေါ်ဝါဝါသိန်း-ဦးသန်းစိုးဝင်း(ရာစု သစ်စက်ရက်ကန်းပစ္စည်းဆိုင်၊ စက်မှုဇုန်မိတ္ထီလာ)၊ ဦးမျိုးကိုကိုသိန်း-ဒေါ်ရီရီဆွေတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၈-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ည ၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်အောင်သူရ(၂၇)နှစ်

(အလုံ)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်(၁၂၆)၊ မြေညီထပ်ဘယ်နေ (ဦးသန်းကြွယ်-ဒေါ်ကျင်စိန်)၊ ဒေါ်ရီတို့၏ မြေး၊ ဦးမောင်ဝင်း-ဒေါ်နွယ်နီတို့၏မြေး၊ (ဦးရောဘတ်သန်းကြွယ်)-ဒေါ်ခင်ခင်ဝင်းတို့၏သား၊ မခင်မျိုးထွဋ် (SAE-MEPE ရုံးချုပ်)၏ မောင်၊ မခင်သူဇာ(3rd Yr Eco UDE)၏အစ်ကို၊ ဇရာဝတီတိုင်း၊ ကျိုက်လတ်မြို့နေ မသန်းသန်းဝါ၏ခင်ပွန်းသည် ၂၃-၂-၂၀၀၄ ရက်ညနေ၄:၂၅နာရီတွင် မြောက်ဥက္ကလာပ(ဝေဘာဂီ)ဆေးရုံ၌ ကွယ်လွန်ပါသဖြင့် ၂၅-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁:၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်နန်း(ခ) ဒေါ်စန်းစန်းသိန်း

အသက်(၅၀)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ)ရပ်ကွက်သစ်၊ ဆရာစံလမ်း၊ အမှတ်(၃၁၇-၃၁၈)နေ (ဦးစောဘကြည်-ဒေါ်သိန်းတင်)တို့၏ ချစ်လှစွာသောသမီး၊ အရာခံဗိုလ်ဝန်ထောက်တင်မောင်ဆွေ၏ ချစ်လှစွာသောဇနီး၊မန္တူးကောန်-မောင်သိန်းလှိုင်ဦး B.A (Hist;)(Dynasty သောက်ရေသန့်လုပ်ငန်း)၊ မောင်ကောန်ခါးဆိုင်းကောန် BE(Civil),ME(1st Seme (Dynasty သောက်ရေသန့် လုပ်ငန်း)၊ မောင်ကောန်ခါးကျော် မွန်းကောန် BA (LAW)၊မခင်သန္တာဆွေ (3rd yr Eng)၊ မောင်ကျော်ဇေယျာမောင်(X-B၊ အထက-၂၊မင်္ဂလာဒုံ)တို့၏ ချစ်လှစွာသောမိခင်၊ မအိအိဖြိုး၏ချစ်လှစွာသောအဘွားသည် ၂၂-၂-၂၀၀၄ရက် နံနက် ၁:၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)၂၈-၂-၂၀၀၄ရက် နံနက် ၁၁နာရီမှ ညနေ၅နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
မုခ်ဦးဒါယိကာမကြီး

ဒေါ်လှတင်(၉၄)နှစ်

(သိမ်ချောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဩဘာလမ်း၊ အမှတ်(၁၄)နေ (ဦးစံရ-ဒေါ်ငွေနှင်း)တို့၏ သမီး၊ (ဦးချစ်-ဒေါ်ထား)၊ (ဦးစောမောင်-ဒေါ်အေးတင်)၊ (ဦးသာလှ-ဒေါ်လှခင်)တို့၏ ညီမ၊ ဒေါ်စောသင်၏ အစ်မ၊ (ဒေါ်သန်းကြွယ်)၊ဒေါ်ကြူကြူစော (အထက-၃၊တာမွေ၊ငြိမ်း)၊ (ဦးတင်အောင်)-ဒေါ်ခင်အေးနွဲ့၊ ဦးခင်မောင်လင်း-ဒေါ်ခင်လှိုင်ဝင်း(စက်မှု-၂၊ ငြိမ်း)၊ ဦးသန်းချို-ဒေါ်တင်တင်နု (T-S-C၊ဘဲရေ၊ငြိမ်း) (ကုဋေကုဋာ၊ မင်္ဂလာဈေး)တို့၏ မိခင်နှင့်မခြားကျေးဇူးရှင်အဒေါ်၊ ကြီးကြီး၊ ဆွေဇင်ဝင့်ဝင့်အောင်(ပ-နှစ်-ရှပ)၏ အဘွားသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂:၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးကြီးငွေ(၇၈)နှစ်

ခါတော်မှီဆန်စက်
(ဖျာပုံ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)၊ (၁၄)လမ်းနေ ခါတော်မှီဆန်စက်ပိုင်ရှင်(ဦးခိုင်စိုး-ဒေါ်သန်း)တို့၏ သား၊ ဒေါက်တာမြမြဦး ဒု-ပါမောက္ခချုပ် (Y.T.U)၊ ဒေါက်တာသန်းထွန်းဝေ-ဒေါ်နုနုစိန်၊ ဒေါက်တာခင်ညို- ဒေါက်တာမိမိစိန်၊ ဦးအေးလွင်-ဒေါ်သူသူစိုး၊ ဦးဖုန်းမြင့်-ဒေါ်တင်တင်စိန်၊ ဒေါ်အေးအေးစိန်၊ ဦးငွေလွင်-ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ရင်ရင်မြင့်(စာရင်းစစ်မှူး)၊ ဦးဇော်ဝင်း၊ ဒေါ်လှလှမြင့်(အထက-၃၊ ဖျာပုံ)၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဇော်မင်း၊ ဦးခင်မောင်အေး၊ ဒေါ်မူမူမြင့်၊ ဒေါ်သန်းသန်းဝင်း၊ဦးချိုအေး-ဒေါက်တာခင်လှဝင်းတို့၏ ဦးလေး၊ ဒေါ်နှင်းနှင်းအေး(အမက-၆၊လမ်းမတော်)၊ဒေါက်တာဥမ္မာအေး(ဆေး-၂)၊ဦးဝင်းမောင်-ဒေါ်အိသီတာဆွေ၊ ဦးဝင်းဇော်ဦး-ဒေါ်ဇာနည်မိုးတို့၏ ဘကြီးသည် ၂၃-၂-၂၀၀၄ရက် နံနက်၂:၃၀နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက်၁၁:၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပဲခူးအသင်း(ရန်ကုန်)

ဦးထွန်းကြည် (၆၇)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်လမ်း၊ အမှတ်(၃၅၆)နေ (ဦးဘစံ-ဒေါ်တင်မေ)တို့၏ သား၊ ဒေါ်အေးအေးမော် (မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ စာရင်းဌာန၊ ရန်ကုန်)၏ ခင်ပွန်းသည် ၂၀-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ဒေါ်ကြည်မြိုင် (၆၇)နှစ်

(ရေဦး)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ အမှတ်(၁၈)၊ ဦးပုညလမ်းနေ ဦးငွေညွန့်၏ ဇနီး၊ ရန်ကုန်မြို့၊ တိုက်(၇)၊အခန်း(၁၅)၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးဝင်းတင့်-ဒေါ်ချိုချို(ဝင်းတင့်နှင့်ညီများတံဆိပ်ရိုက်လုပ်ငန်း)၊ဦးဝင်းဆင့်-မစန်းစန်းအေး(မြင့်မြတ်သူ တံဆိပ်ရိုက်လုပ်ငန်း)တို့၏ မိခင်၊ မဝင်းဝင်းမော်၊ မောင်ဝင်းထွန်း၊ မောင်အောင်ထိုက်၊ မောင်အောင်ဝင်းထွန်းတို့၏ အဘွားသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ်၊
ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊
ရေကန်၊ နတ်လမ်း ဒါယိကာမကြီး

ဒေါ်ရင်ရင်

အသက်(၇၈)နှစ်

(ပွဲရုံတန်ဆာ၊ ဆိပ်ပြန့်ကြီး)
(ကမ်းနားဈေး)

ရန်ကုန်မြို့၊အမှတ်(၂-ဂျီ)၊ (လေးလွှာ)၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးဖိုးအောင်-ဒေါ်သင်းလှိုင်)၏ ဒုတိယသမီး၊ ဒေါ်စိန်တင်၏ညီမ၊ ဒေါ်ခင်ခင်၊ ဒေါ်စန်းစန်းနု၊ ဦးစိန်ဝင်း၏ အစ်မ၊ (ဦးစိန်ပေါ်)၏ ဇနီး၊ ဦးထင်အောင်၊ ဦးသန်းထွဋ်၊ ဒေါ်ဥမ္မာ(အလက- ၂၊ လှိုင်သာယာ)၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးပါ(ခ)G.C.DASS (ခ) ဦးဝိုဘောဒေါန်ဒါတ်စ်

အသက်(၆၇)နှစ်

(ကတ္တား၊ မောင်းတံလုပ်ငန်း)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အမှတ်(၂၆)၊ ညာတိလမ်းသွယ်၊ (ဃ)ရပ်ကွက်နေ ဒေါ်စူမိုတီးဒတ်(စ်)(ခ)ဒေါ်ပူတူးမ၏ ခင်ပွန်း၊ ပိုလ်တူး၊ ဒီလစ်၊ ဘာဘူလေး၊ ဆူဇတာ၊ ဆူဂျစ်၊ ဆူနီး၊ အော်နီသာတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၅ ယောက် တို့၏ဘိုးဘိုးသည် ၁၈-၂-၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ယင်းနေ့တွင် ဟိန္ဒူရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစောဂျိုးဇက် (၅၂)နှစ်

စိန်ထွားဂစ်တာဆိုင်(မန္တလေး)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၁၂)လမ်းနေ(ဦးကျင်မောင်-ဒေါ်ကြည်အေး)တို့၏သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ နွယ်နီ(၇)လမ်း၊ အမှတ်(၃၄၅)နေ ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ကိုကျော်စွာနေ-နော်ရီမီဝင်း၊ မနိုဝင်ဘာ၊ မောင်သက်ကိုကိုဇော်တို့၏ မွေးသဖခင်၊ မောင်ကောင်းလင်းနေကြည်၏အဘိုးသည် ၂၃-၂-၂၀၀၄ရက် နံနက် ၂:၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ယဉ်သိန်း (၄၄)နှစ်

B.A. History
အလပြ၊ မြို့မအလက
ရသေ့တောင်မြို့

ရသေ့တောင်မြို့၊ အရှေ့တောင်ရပ်ကွက်နေ ဦးဝင်းစိန်အောင်(ဆရာကြီး-ငြိမ်း)-ဒေါ်မစံညိုတို့၏ သမီး၊ ဦးဦးစံရှား-ဒေါ်မညွှန့်ခင်၊ ဦးခင်သန်းမောင်-ဒေါ်မသိန်းလှိုင်တို့၏ညီမ၊ ဒေါ်ခင်စောနု၊ ဦးသာအေးမောင်-ဒေါ်ကြည်ကြည်သန်း၊ ကိုမောင်ခင်ဝင်း၊ မသန်းရီ၊ မခင်လှတို့၏ အစ်မ၊ တူ၊တူမ ၁၂ယောက်တို့၏ အဒေါ်သည် ၂၃-၂-၂၀၀၄ ရက် နံနက် ၆:၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။(အေးရုံကြီးမှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊တန်ဆောင်း၊ရဟန်းအမကြီး

ဒေါ်အမာ(၈၈)နှစ်

(ဒိတ်ကုန်း)

ရန်ကုန်မြို့နေ(ဦးဘဝင်း-ဒေါ်ဒေါ်ယုံ)တို့၏ သမီး၊ အမှတ်(၁၅)၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်နေ (ဦးမြမောင်)၏ ဇနီး၊ (ဦးသိန်းဇံ-ဒေါ်ညွန့်ရီ)၊ ဦးအေးသိန်း-ဒေါ်စန်းရီ၊(ဦးစိုးတင့်)-ဒေါ်မြင့်မြင့်၊ ဦးသိန်းတန်-ဒေါ်အေးအေးသန်း(ကြည့်/ညဈေး)၊ ဦးသိန်းကိုလေး-ဒေါ်စမ်းစမ်းဝင်း၊ ဦးပြည်စိုးနိုင်-ဒေါ်ဖြူဖြူမာတို့၏မိခင်၊ မြေး ၁၈ယောက်၊မြစ် ၁၇ယောက်၊တီနှစ်ယောက်တို့၏ အဘွားသည် ၂၂-၂-၂၀၀၄ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၁:၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်ဦး(၇၈)နှစ်

(တွံတေး)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၁၂)နေ (ဦးဘိုးသာ-ဒေါ်စိန်သင်)တို့၏ သား၊ (ဦးဘတင်-ဒေါ်သိန်း)၊ ဦးထွန်းကျင်-(ဒေါ်စန်းကြည်)၊ (ဦးသီ-ဒေါ်ပို)၊ ဦးကျင်သိန်း-ဒေါ်အုံ၊ ဦးလှိုင်-(ဒေါ်ညို)တို့၏အစ်ကို၊ဒေါ်စော၊(ဒေါ်ခင်ရီ) တို့၏ ခင်ပွန်း၊ ဦးငွေအောင်-ဒေါ်ဘေဘီသန်း၊ မောင်သိန်းလှိုင်၊ မောင်မျိုးမင်း-မခင်ခင်နွယ်၊ မဝါဝါ၊ မောင်ရဲထွန်း၊ မောင်ငွေနိုင်-မလဲ့လဲ့တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၂-၂-၂၀၀၄ရက် နံနက်၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့်၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာ

ဦးသန်းမြင့်(၇၁)နှစ်

(ရခိုင်ချောင်)

ရန်ကုန်မြို့၊ အမှတ်(၁၀၁)၊ ကန်ဈေးတန်းလမ်း၊ပန်းဘဲတန်းမြို့နယ်နေ (ဦးဘ-ဒေါ်လှ)တို့၏သား၊ (ဦးကြိုင်)-ဒေါ်ထွားကြည်၊ (ဦးငွေသိန်း)-ဒေါ်စန်းကြည်၊ (ဦးအေး)-ဒေါ်ခင်မြင့်တို့၏ ညီ/မောင်၊ ဒေါ်စိန်ရီ၏ခင်ပွန်း၊ဦးတင့်လွင်ဦး-ဒေါ်နုနုမော်၊မနှင်းမာလာ၊ မောင်ရဲလွင်ဦးတို့၏ ဖခင်၊ မောင်ရန်နိုင်ထွန်း၊ မောင်ဟိန်းဇာထွန်း(အလက-၁၊ ဒဂုံ)တို့၏အဘိုးသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းမြင့် (၆၂)နှစ်

(ထားဝယ်)
(မိုးကုတ်ယောဂီ)

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၄)၊ တိုက်အမှတ်(၁၃၀/၃)နေ (ဦးအဖို-ဒေါ်သိန်းငွေ)တို့၏ သမီး၊ ဦးထူးညွန့်၏ ဇနီး၊ မသင်းသင်းဦး(အလက-၂၊ သဃ်န်းကျွန်း၊ငြိမ်း)၊ ကိုကျော်ဇေယျ-မသင်းသင်းနု (မြို့တော်စည်ပင်/ထုတ်လုပ်ရေးဌာန)၊ ကိုအောင်ဝင်း-မသင်းသင်းညွန့်၊ ဒေါက်တာသင်းသင်းငွေး(သံတွဲဆေးရုံ)၊ ကိုသက်ဦး-မသင်းသင်းယုတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည်၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်ပါ၍ ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၀၄(စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ကြည်ကြည်ဝင်း(ခ) ဒေါ်ဝင်းကြည် (၅၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်ကျောက်မြောင်း၊ သုခလမ်း၊အမှတ်(၄၉) ၄လွှာနေ (ဦးဘအောင်-ဒေါ်ညွန့်)တို့၏ သမီးငယ်၊(ဦးဝိုင်း-ဒေါ်အန်)တို့၏ သမီးချွေးမ၊ (ဦးသိန်းကြွယ်)-ဒေါ်ခင်သန်း၊ (ဦးမောင်ညို)-ဒေါ်သန်း၊(ဦးဝင်းမောင်-ဒေါ်ဖွားစိန်)၊ ဦးထွန်းမြင့်-ဒေါ်ဝင်းမြင့်၊ ဦးအောင်မြင့်-ဒေါ်သန်းရွှေ၊ ဦးနေဝင်း-ဒေါ်မြင့်မြင့်ကြည်တို့၏ညီမ၊ ဦးစိုးသိန်း-(ဒေါ်သန်းဝင်း)တို့၏ အစ်မ ဒေါ်ကြည်ကြည်ဝင်းသည်၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) နံနက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၄-၂-၂၀၀၄(အင်္ဂါနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရဆရာဦးလှသန်း

အသက်(၈၇)နှစ်

ပေါင်းတလည် ပန်းပြင် ခွေးရဲရွာနေ (ဦးစံမင်း-ဒေါ်မိလေး)တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူမောင်လမ်း၊ အမှတ်(၉)၊ အခန်း(၁၀)နေ (ဒေါ်ဆန်းကြိုင်)၏ ခင်ပွန်း၊ မန်းသာလှမင်း-(ဒေါ်ဘိခွပ်ရောင်)၊ (ဦးထွန်းလှဝင်း)-ဒေါ်စန်းတင့်၊ ဒေါ်စန်းလှမြင့်-မန်းကျော်လှအေး၊ ဦးဘလှမြင့်၊ ဒေါ်သန်းသန်းငွေ၊ ဦးလှဝင်းမြင့်-ဒေါ်လှအုံးမယ်တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်နှင့် ခရစ်တော်၏အသင်းတော်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်လှရီ (၇၂)နှစ်

ခရမ်းမြို့နေ(ဦးဖေကွန့်-ဒေါ်အေးကြိုင်)တို့၏သမီး၊ ဦးမင်းဇော်-(ဒေါ်လှလှမြင့်)(ငွေကြေးစည် မုန့်တိုက်ပြင်ဦးလွင်)တို့၏ ညီမ၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ ခြံအမှတ်(၁၈)နေ (ဦးမြသိန်း)၏ ဇနီး၊ ဦးနိုင်အောင်(ဦးစီးမှူး၊ မုန့်ချောင်းစီမံကိန်း၊ ဆ/မ)-ဒေါ်မေမေခင်၊ ဦးလှိုင်အောင်(ခ)ဦးပိုင်-ဒေါ်ငွေကြည်(ငွေနှင်းဖြူထမင်းဆိုင်)၊ ဦးခင်ကြည်-ဒေါ်သန်းသန်းအေး၊ ဦးဟန်စိန်၊ ဦးသက်ထွေး-ဒေါ်ညွန့်အေးစိုး(ဖီလင်စားသောက်ဆိုင်)၊ ဦးအုန်းလွင်၊ ဦးကျော်မင်း-ဒေါ်စန္ဒာဝင်းတို့၏ မွေးသမိခင်၊ မြေး၁၈ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၀၄ ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်စောခင်(၆၆)နှစ်

(စစ်တွေ)စက်မှု(၁)
(ငြိမ်း)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နေ (ဦးထွန်းပေါ်ဦး-ဒေါ်မြပွင့်ဦး)တို့၏သမီး၊ ဦးစောသာ၏ ဇနီး၊ ဦးဖိုးစိန်ဦး-(ဒေါ်မကြီး)၏ ညီမ၊ (ဦးဝင်းဆွေ-ဒေါ်မြခင်)၊(ဦးကျော်စိန်-ဒေါ်အုံးခင်)၊ ဒေါ်အေးခင်တို့၏ အစ်မသည် ၁၉-၂-၂၀၀၄ရက် ည၈:၃၀နာရီတွင် အမှတ်(၃၂၉/က)၊ဆင်ဖြူရှင်လမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၀၄ရက်တွင် ဒလမြို့ ခနိတောသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားနာပြုလုပ်မည်ဖြစ်ပါ၍ ၂၅-၂-၂၀၀၄ရက် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါဒလမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မမြင့်မြင့်တင်(၃၆)နှစ်

ရန်ကုန်မြို့တော်စည်ပင်သာယာ
ဗဟိုကုန်ရုံ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၄)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၈၁၅)နေ ဦးတင်ဦး(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာ)၊ (ဒေါ်သန်းမြင့်)၊ဒေါ်မေမေထွန်း(မီးအာမခံဌာန)တို့၏ သမီး၊ ဒေါ်မြင့်မြင့်ဦး(ကထိက၊သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးတင်မောင်သန်း-ဒေါ်ပြုံးပြုံးထွန်းတို့၏ညီမ၊ ကိုတင်မောင်မြင့်၊ ကိုတင်မြင့်ထွေးတို့၏ အစ်မ၊ (ကိုအောင်နိုင်)၏ဇနီး၊ မအိသဉ္ဇာဦး (စတုတ္ထတန်း-B၊ အထက-၂၊ဒဂုံ)၏ မိခင်၊ တူ၊တူမနှစ်ယောက်တို့၏ အဒေါ်သည် ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့)နံနက်တွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးရှိန္ဓမ္မ(ခ)ဦးရွှေစိုး သိက္ခာတော်(၁၃)ဝါ၊ သက်တော်(၆၅)နှစ်

(A.G.T.I)
စက်မှုလယ်ယာ(ငြိမ်း)

ခမည်းတော် ဦးစံခိုင်၊ မယ်တော် ဒေါ်အုန်းခင်တို့၏ သား၊ ဒေါ်မြသန်း(ထွေ/အုပ်၊ ငြိမ်း၊ ခန္တီး)၏ ခင်ပွန်း၊ ဦးထွန်းနွယ်-ဒေါ်ခင်မြမြစိုး(ထွေ/အုပ်၊ ခန္တီး)၊ ဦးဝင်းကျော်(ထွေ/အုပ်၊ခန္တီး)-ဒေါ်ခင်မိုးမိုးထွန်း (အထက်တန်းသူနာပြု၊ ခန္တီး)၊ဦးမျိုးကျော်စိုး-ဒေါ်သန်းသန်းမိုး (SAT-မိတ္ထီလာ)၊ ဦးဟန်မင်းစိုး(B.A Psy, A GTI Civil)တို့၏ခမည်းတော်၊ မစုချစ်နှင်း၊ ပြည့်ဖြိုးကျော်၊ စံချိန်ထွန်း၊ အိသဉ္ဇာကျော်၊ အိမွန်ရီ၊ အောင်ချိန်ထွန်းတို့၏အဘိုးသည် (၁၃၆၅ခု၊ တပို့တွဲလပြည့်ကျော်၁၄ရက်)၊ ၁၉-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက်၁း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလပ်တော်ကို (၁၃၆၅ခု တပေါင်းလဆန်း၆ရက်)၊ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် မုဒုကျေးရွာကွင်းတောရကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ဒါယိကာမအပေါင်းနှင့်မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

တပည့်ဒါယကာဒါယိကာမများနှင့်
ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးလှထွန်း(၅၇)နှစ်

ဇေယျာကျော်ရုပ်ရှင်ဖြန့်ချီရေး
(အတွင်းရေးမှူး)
မုံလယ်တောရမွေရိပ်သာ
(၁၀)မိုင်ကုန်း၊ပဲခူး
စိန်မိုက်ကယ်ကျောင်းသားဟောင်း
ရွှေတောင်တန်း၊ ကျုံမငေးမြို့

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ်(၄၀၂-A)နေ (ဦးလှအောင်)-ဒေါ်ခင်ညွန့်တို့၏ သား၊ (ဦးလေးမောင်-ဒေါ်သောင်းသောင်း)တို့၏သားသမက်၊ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ မအိဖြူထွန်း (Yoma Bank)၊ မောင်ကျော်ဇေယျာထွန်း၊ မောင်စိုးငြိမ်းကျော်တို့၏ဖခင်သည် ၂၃-၂-၂၀၀၄ ရက် နံနက်၆နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂:၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှ(၄၉)နှစ်

လက်ထောက်ကထိက(ငြိမ်း)၊သမိုင်းဌာန
(ဟင်္သာတ)

ဟင်္သာတမြို့၊ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်းနေ (ဦးမောင်အေး)၊ ဒေါ်မြတင်တို့၏ သမီးကြီး၊ (ဦးသန်းတင်-ဒေါ်လှရင်)တို့၏တူမ၊ရန်ကုန်မြို့၊ အမှတ်(၁၅)၊ (၅-လွှာ)၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးကြည်ဝင်း(ကထိက၊ ငြိမ်း၊ ရူပဗေဒဌာန)၏ ဇနီး၊ မသိုက်သိုက်၊ ကိုခင်မြင့်၊ ကိုငွေဝင်း-မရင်မြင့်၊ ကိုဝင်းငွေ၊ ကိုသိန်းတန်၊ ကိုသိန်းထွန်း-မနော်အားမေ၊ မမြင့်မြင့်တို့၏အစ်မကြီးသည် ဗဟိုစည်အထူးကုဆေးခန်း၌ ၂၃-၂-၂၀၀၄ (တနင်္လာနေ့) နံနက်၅နာရီတွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ရေတွင်း၊ဆွမ်းဒါယကာ

ဦးသိန်းလွင်(ခ)အစိမ်း

အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၁၁-A)(၅-လွှာ)နေ (ဦးဖုး-ဒေါ်ကြင်)တို့၏ သားထွေး၊ ဦးချင်ထန်စင်-ဒေါ်ခင်စိန်တို့၏ သားသမက်၊ (ဦးချစ်ထွန်း)-ဒေါ်ရှုခင်၊ ဦးချစ်ခိုင်-ဒေါ်ယဉ်မြင့်၊ ဦးချစ်မြိုင်တို့၏ ညီ၊ ဦးလှတင်-ဒေါ်မိမိ(MEPE)၊ ဒေါ်သန်းသန်းတို့၏မောင်၊ ဦးဉာဏ်လင်း-ဒေါ်ချင်မေရှမ်း၊ ဦးကျော်ကျော်-ဒေါ်မုံးတို့၏ အစ်ကိုဒေါ်ချင်မိအိုင်၏ခင်ပွန်း၊ မဆုရည်ဖြိုး(IX-A)၊ မသီရိသိန်းလွင်(IX-B)၊ မအေးခန့်မေ(I-B၊အထက-၆၊ အလုံ)၊ မောင်ကျော်ဇောလင်းတို့၏ဖခင် ဦးသိန်းလွင်(ခ)အစိမ်းသည် ၁၅-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ကွယ်လွန်ပါ၍ ၁၇-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၆၅၄၊ ဖြန့်ချီရေး ၂၉၂၈၂၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၂၀။ R/184

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)၏ သုတေသနလုပ်ငန်းများ ကြည့်ရှု ဆေးဝါးစက်ရုံစီမံကိန်း(ပြင်ဦးလွင်)နှင့် အနီးစခန်း လေယာဉ်ကွင်းတို့ကို စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ **အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊** ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြင်ဦးလွင်တပ်နယ်မှူး၊ စစ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီတွင် ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဒေါက်တာကျော်မြင့်က အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် မွန်တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုထောက်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မွန်ပြည်သစ်ပါတီမှ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ထောမွန်၊ ဒုတိယဥက္ကဋ္ဌ(၂) နိုင်ရော့စနှင့်အဖွဲ့အား ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ★

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန် ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်သစ် ပါတီမှ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ထောမွန်၊ ဒုတိယဥက္ကဋ္ဌ (၂) နိုင်ရော့စ တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာ သီရိဗိမာန် ခန်းမ၌ လက်ခံတွေ့ဆုံ နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)တွင် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ပုံစံငယ်ကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာများ နေ့စဉ်ဖော်ပြမည်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများကို ၂၅-၂-၂၀၀၄ ရက်မှစ၍ နေ့စဉ် ဖော်ပြသွားမည်ဖြစ်ပါသည်။

စာတည်းမှူး